

# အန္တရာယ် ရှိသော ဒုက္ခသည်ခိုကိုးရာ

ဆက်လက်ရှိနေဆဲ ကလေးစစ်သားစုဆောင်းမှု
ကချင်ပြည် လွတ်လပ်ရေး တပ်မတော်
(Kachin Independence Army) မှ

CHILD SOLDIERS
INTERNATIONAL

## နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ (Child Soldiers International) အကြောင်း

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ယခင်က ကလေးစစ်သား အသုံးပြုမှု ရပ်ဆိုင်းရေး မဟာမိတ်အဖွဲ့ဖြစ်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် နိုင်ငံတကာ လူ့အခွင့်အရေး သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး အဖွဲ့ဖြစ်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ဘေးအန္တရာယ်ရှိသော နေရာများတွင် ကလေးစစ်သားများ (အသက် ၁၈ နှစ်အောက် ယောကျ်ားလေးများနှင့် မိန်းကလေးများ) အား အသုံးပြုမှုနှင့် သူတို့၏ လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ပတ်သက်မှုအပေါ်အခြေခံသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန်နှင့် ကာကွယ်ရန် ကြိုးပမ်းသည်။ အဖွဲ့သည် လက်နက်ကိုင် တပ်ဖွဲ့ သို့မဟုတ် အဖွဲ့အစည်းများမှ ပြန်လည် လွတ်မြောက်ရန်၊ အရပ်သားဘဝ သို့ သူတို့ ပြန်လည်ဝင်ရောက်ရာတွင် အောင်မြင်မှုရရေးအတွက် မြှင့်တင်ရန်နှင့် သူတို့အား စစ်သား စုဆောင်းပြီး အသုံးပြုသူများအား အရေးယူနိုင်ရန် လုပ်ဆောင်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးများ ပါဝင်ပတ်သက်မှုအပေါ် ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ ရွေးချယ်ခွင့်ရှိသော သတ်မှတ်ချက်များအား ကမ္ဘာတဝှမ်း ကိုက်ညီမှုရှိစေရန် မြှင့်တင်သွားမည်။

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ အမှတ်တံဆိပ်ကို ကုန်သွယ်မှု အမှတ်တံဆိပ် မှတ်ပုံတင်အောက်တွင် အမှတ် ၂၅၉၀၇၇၈ အရ မှတ်ပုံတင် ထားသည်။

နိုင်ငံတကာ ကလေးစစ်သားဆိုင်ရာ အဖွဲ့ (Child Soldiers International)
9 Marshalsea Road
4th Floor
London SE1 1EP
United Kingdom

တယ်လီဖုန်း +44 (0) 20 7367 4110
ဖက်စ် +44 (0) 20 7367 4129
info@child-soldiers.org
www.child-soldiers.org

## မျက်နှာဖုံး ဓါတ်ပုံ

ကချင်ပြည်လွတ်လပ်ရေး တပ်မတော် (ကေအိုင်အေ (KIA)) စစ်သားသစ်များအား မြန်မာနိုင်ငံ၊ ကချင်ပြည်နယ် ကေအိုင်အေ စစ်စခန်း တစ်ခုတွင် ၂၀၁၄ ခုနှစ် ဇွန်လအတွင်း သင်တန်းယူနေစဉ် တွေ့ရပုံ ©Ryan Roco နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အတွက်

# အသွင်ကူးပြောင်းရာကာလအတွင်း အန္တရာယ်ရှိနေတဲ့ ဒုက္ခသည် ခိုကိုးရာ

ကချင်ပြည် လွတ်လပ်ရေး တပ်မတော် မှ ဆက်လက်ရှိနေဆဲ လွတ်လပ်ရေးတပ်မတော်

CHILD SOLDIERS INTERNATIONAL




Map No. 4168 Rev. 3 UNITED NATIONS
June 2012

Department of Field Support
Cartographic Section

## မာတိကာ


ဝေါဟာရ ဖွင့်ဆိုချက်နှင့် အတိုကောက်စာလုံးများ ........ 7

1. အစီရင်ခံစာ အကျဉ်းချုပ် ........ 9

အဓိက အကြံပြုချက်များ ........ 12

ကေအိုင်အေအတွက် အကြံပြုချက်များ ........ 12

မြန်မာအစိုးရအတွက် အကြံပြုချက်များ ........ 13

ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့အတွက် အကြံပြုချက်များ ........ 13

ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ ........ 14

2. ပါဝင်မှုနှင့် နည်းလမ်းများ ........ 15

3. နောက်ခံ သမိုင်းကြောင်းနှင့် လက်ရှိ အခြေအနေ ........ 16

3.1 နိုင်ငံရေးနှင့် စစ်ရေး အခြေအနေ ........ 16

3.2 လူမှု-စီးပွား အခြေအနေ ........ 18

ရွှေပြောင်းမှုနှင့် ပြည်တွင်း ရွှေပြောင်း ဒုက္ခသည် စခန်းများ အခြေအနေ ........ 18

ကချင်ပြည်နယ် ကေအိုင်အေ ထိန်းချုပ်နယ်မြေရှိ ကလေးများ ........ 20

4. ကေအိုင်အေ၏ ကလေးများအား စစ်သားစုဆောင်းသည့် နည်းလမ်းများ ........ 23

4.1 ကလေးများအား စစ်သားစုဆောင်းသည့် လမ်းကြောင်းများ ........ 25

ကေအိုင်အေ ထောက်ပံ့ထားသော စစ်တပ် ပညာရေး ........ 27

“ပြုပြင်မှု” စစ်သားစုဆောင်းရေး ........ 28

ရွေးချယ်သတ်မှတ်ပြီး အတင်းအဓမ္မ စစ်သား စုဆောင်းခြင်း ........ 30

4.2 စစ်သား စုဆောင်းရေး အချိုး၊ စာရင်းများနှင့် “အမှုထမ်းရန် ဆင့်ခေါ်ခြင်း” ........ 31

4.3 အမျိုးသား အမှုထမ်းခြင်းအား မိတ်ဆက်ခြင်း ........ 33

5. ကလေးများအတွက် သင်တန်းနှင့် တာဝန်ချထားမှု ........ 34

5.1 သင်တန်း ........ 34

5.2 တာဝန်ချထားမှု ........ 36

6. အသက်မပြည့်သော ကလေးများ စုဆောင်းမှု အဆုံးသတ်ရန်နှင့် ကလေးများ လွှတ်ပေးရန် ကေအိုင်အေ၏ ကြိုးပမ်းမှု ........ 37

6.1 ကလေးများအား စစ်သား စုဆောင်းရေးအပေါ် ကေအိုင်အေ မူဝါဒ ........ 37

6.2 ကေအိုင်အေ၏ ကလေးစစ်သားများ လွှတ်ပေးရေး အဆင့်များ ........ 38

7. နိဂုံးချုပ်နှင့် အကြံပြုချက်များ ........................................................................ 40
အကြံပြုချက်များ........................................................................................ 41
ကေအိုင်အေအတွက် အကြံပြုချက်များ .................................................... 41
မြန်မာအစိုးရအတွက် အကြံပြုချက်များ .................................................... 42
ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့အတွက် အကြံပြုချက်များ.................................. 44
ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ....... 44
အဆုံးသတ် မှတ်စုများ .................................................................................. 45

## ဝေါဟာရ ဖွင့်ဆိုချက်နှင့် အတိုကောက်စာလုံးများ

ဤအစီရင်ခံစာတွင် ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက် မည်သည့် ပုဂ္ဂိုလ်ကို မဆို ဆိုလိုသည်။

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ကလေးစစ်သား ဟူသော ဝေါဟာရကို လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ပတ်သက်နေသော ကလေးများအပေါ် အောက်ပါဖော်ပြချက်နှင့် အလားတူ ဖြစ်သည်ဟု ယူဆသည်။

လက်နက်ကိုင် တပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းနှင့် ပတ်သက်နေသော ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသော သို့မဟုတ် ရှိနေခဲ့သော မည်သည့် လူပုဂ္ဂိုလ်မဆို တိုက်ခိုက်ရေး စစ်သားများ၊ ထမင်းချက်များ၊ အထမ်းသမားများ၊ ထောက်လှမ်းရေး စပိုင်များ သို့မဟုတ် လိင်ကိစ္စရည်ရွယ်ချက်ဖြင့် အသုံးပြုခဲ့သည့် ယောက်ျားလေးနှင့် မိန်းကလေး ကလေးများ အပါအဝင်ဖြစ်ပြီး ယင်းလုပ်ငန်းများ အကန့်အသတ်မဟုတ်ပဲ မည်သည့် လုပ်ငန်းကိုမဆို လက်နက်ကိုင်အဖွဲ့အစည်း သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့တွင် စုဆောင်းခြင်း သို့မဟုတ် အသုံးပြုခြင်းကို ဆိုလိုသည်။ ယင်းသည် ဘေးအန္တရာယ်ရှိသော အစိတ်အပိုင်းများတွင် ပါဝင်နေသော သို့မဟုတ် ပါဝင်ခဲ့သော ကလေးကိုသာ ရည်ညွှန်းခြင်း မဟုတ်ပါ။

| | |
|---|---|
| **ဘီဂျီအက်ဖ် (BGF)** | နယ်ခြားစောင့်တပ်ဖွဲ့ |
| **စီတီအက်ဖ်အမ်အာရ် (CTFMR)** | စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံမှုဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ လုပ်ငန်း အဖွဲ့ |
| **ဒီဒီအာရ် (DDR)** | လက်နက် ဖြုတ်သိမ်းခြင်း၊ တပ်ထွက်ခွင့် ပြုခြင်းနှင့် ပြန်လည် အသားကျအောင် လုပ်ဆောင်ခြင်း |
| **ဒီအက်စ်အေ (DSA)** | နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် |
| **အီးအီး ဒီဝိုင် (EEDY)** | လူငယ်များအတွက် ပညာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှု |
| **အိုင်ဒီပီ (IDP)** | ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် |
| **ကေအိုင်အေ (KIA)** | ကချင်ပြည် လွတ်လပ်ရေး တပ်မတော် |
| **ကေအိုင်အို (KIO)** | ကချင်ပြည် လွတ်လပ်ရေး အဖွဲ့ |
| **အမ်အိတ်ချ်အိတ်ချ် (MHH)** | *မှန်းရှာ ဖျင်ဖုန်* (ကချင် ပြည်သူ့စစ် တပ်ဖွဲ့) |

| | |
|---|---|
| **အန်စီအို (NCO)** | ပြန်တမ်းမဝင်သော အရာရှိ |
| **အန်ဂျီအို (NGO)** | အစိုးရ မဟုတ်သော အဖွဲ့အစည်း |
| **အိုပက် (OPAC)** | လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးများ ပါဝင်ပတ်သက်မှုအပေါ် ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ ရွေးချယ်ခွင့်ရှိသော သတ်မှတ်ချက်များ |
| **အိုတီအက်စ် (OTS)** | တပ်မတော် အရာရှိ လေ့ကျင့်ရေးကျောင်း |
| **ဒဘလျူပီအန် (WPN)** | *ဝမ်ပေါင် နင်ထွယ်* ("ကချင်ပြည်သူ အလင်း") |

## 1. အစီရင်ခံစာ အကျဉ်းချုပ်

၁၉၆၁ ခုနှစ်တွင် ကချင်တိုင်းရင်းသား မျိုးချစ်များ ဖွဲ့စည်းခဲ့သည့် ကချင်ပြည် လွတ်လပ်ရေး တပ်မတော် (KIA) သည် ၂၀၁၄ ခုနှစ် ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများအား စစ်သားအဖြစ် စုဆောင်း အသုံးပြုသော အဖွဲ့အစည်း အပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် စာရင်းဖော်ပြထားသည့် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း ၇ ခုတွင် ပါဝင်သည်။[1] ကလေးများအား ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက် ကျူးလွန်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံမှုဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ လုပ်ငန်း အဖွဲ့ (CTFMR) သည် ကေအိုင်အေ၏ ကလေးများအား အစဉ်တစိုက် စစ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းများအပေါ် ၂၀၀၇ ခုနှစ်မှ စတင်၍ မှတ်တမ်းများ ပြုစုခဲ့သည်။[2] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ၂၀၁၄ ခုနှစ် ဖွန်လအတွင်း ဤအစီရင်ခံစာအတွက် သုတေသနပြုချက်များက ကလေးများအား စစ်သားစုဆောင်းခြင်း ဆက်လက်ဖြစ်ပေါ်နေခြင်းကို အတည်ပြုပေးသည်။

ကေအိုင်အေ (KIA) ၏ အဖွဲ့ ရာထူးတာဝန် အမျိုးမျိုးတွင် ကလေးပေါင်း ၁၀၀၀ အထိ ရှိနိုင်သည်ဟု အစီရင်ခံချက်များ ရှိသော်လည်း ယင်းတို့သည် ရှေးရိုးစွဲအခြေခံနှင့် ကေအိုင်အေ၏ ပမာဏ အပေါ် ခေတ်မမှီတော့သည့် အချိုးကျ ခန့်မှန်းချက် ဖြစ်သည်။ တိကျသော ကိန်းဂဏန်းမှာမူ လက်သင့်ခံနိုင်လောက်သည့် အချက်အလက် ကောက်ယူမှု နည်းလမ်းများ ကင်းမဲ့ခြင်းကြောင့် ဝေဝေဝါးဝါးရှိနေသည်။ အသက်မပြည့်သေးသော စစ်သားသစ် အများစုမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းဟု ထင်ရပြီး ကလေးစစ်သား စုဆောင်းမှုကို တားဆီးရန် ကတိကဝတ်ကို ထုတ်ဖော်ထားသော်လည်း ကေအိုင်အေမှ ချမှတ်သော နည်းလမ်းအမျိုးမျိုးအားဖြင့် ကေအိုင်ကေ ရာထူးတာဝန်အမျိုးမျိုးသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၁ ခုနှစ် ဖွန်လ အတွင်းက ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ပျက်စီးသွားသည့် နောက်ပိုင်းတွင် ကေအိုင်အေသည် ကလေးစစ်သားစုဆောင်းမှုကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး မကြာသေးမီက "အမျိုးသား ဝန်ဆောင်မှု" စနစ်တခုကို အစပျိုးခဲ့သည်။ စစ်သားစုဆောင်းမှု အများစုမှာ မိမိဆန္ဒသဘော အခြေခံအပေါ်တွင် ရှိနေသော်လည်း အတင်းအဓမ္မစုဆောင်းသည့် အထောက်အထား အချို့ ရှိသည်။ စစ်သားများနှင့် အရပ်ဖက် အုပ်ချုပ်ရေးမှူးများသည် စစ်သားသစ်များသည် အသက်မပြည့်သေးကြောင်း အထောက်အထားများအပေါ် ပုံမှန်အားဖြင့် လျစ်လျူရှုထားသည့် အထွေထွေ စစ်သားစုဆောင်းရေး အတွက် တာဝန်ပေးခံကြရသည်။ အချို့ကိစ္စရပ်များတွင် ကေအိုင်အေ နှင့် မိမိဆန္ဒအလျောက် ပါဝင်လိုသော ကလေးများအား သူတို့၏ ပညာသင်ကြားမှုများ ဆက်လက်လုပ်ဆောင်ရန် အားပေးသော်လည်း အထောက်အထားများက သူတို့အား အစဉ်အမြဲပင် ကေအိုင်ကေ၏ ရာထူးတာဝန်များတွင် တဖြေးဖြေး လက်ခံပြီးဖြစ်ကြောင်း ညွှန်းပြနေသည်။

ယင်းလမ်းကြောင်းတွင် နေထိုင်သော ကလေးများသည် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ပြင်းပြင်းထန်ထန် ကန့်သတ်မှုများနှင့် အတူ လူမှုရေးနှင့် စီးပွားရေး နိမ့်ကျမှုများကို ကြုံတွေ့နိုင်ပြီး ဘေးအန္တရာယ်များ ရင်ဆိုင်ရနိုင်သည်။ ကေအိုင်အေ နယ်မြေအတွင်းရှိ ကျောင်းများမှ ပေးထားသော ပညာရေး အရည်အသွေးသည် ပဋိပက္ခနှင့် နေရာရွှေ့ပြောင်းရမှုများကြောင့် အပြင်းအထန်ထိခိုက်မှုရှိနေပြီး ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များ (IDP) စခန်းများသည် ကြီးမားသော စိမ်ခေါ်မှုများနှင့်

ရင်ဆိုင်နေရသည်။ သဘောဆန္ဒအလျောက် တာဝန်ထမ်းဆောင်ခြင်းတွင် လူထု တာဝန်ထမ်းဆောင်လိုမှု၊ လက်စားချေလိုမှုနှင့် တရားမျှတမှု ရှာဖွေလိုမှုတို့ကို ယင်း လူမှု-စီးပွား ချို့တဲ့မှုများက အားဖြည့်ထားနိုင်သည်။

ကလေးများသည် ကေအိုင်အေတွင် စစ်မှုထမ်းနိုင်သည် နေရာများစွာကို လက်လှမ်းမီလျက်ရှိနေသည်။

- ကလေးများသည် ကျောင်းပြီးသွားခြင်းသည့် အစဉ်အလာအရ လူကြီးဖြစ်သွားခြင်းကို သတ်မှတ်ထားသကဲ့သို့ ရှိနေခြင်းကြောင့် အသက်မပြည့်သေးသည့်တိုင်အောင် ကျောင်းများတွင် ၁၀ တန်း ပြီးသွားသည့် အခါတွင် စာရင်းသွင်းကြနိုင်သည်။[3]
- ကလေးများသည် ဒေသခံ မြို့နယ် အရာရှိ (ကချင်ပြည် လွတ်လပ်ရေး အဖွဲ့ (KIO) အရပ်သား ဝန်ထမ်း) ထံတွင် စာရင်းသွင်းလိုကြောင်း အကြောင်းကြားနိုင်ပြီး ယင်းအရာရှိက အနီးစပ်ဆုံး ကေအိုင်အေ တပ်စခန်းသို့ ဆက်သွယ်ကာ လူသစ် သင်တန်း မည်သည့် အချိန်တွင် ရှိနိုင်မည်ကို စုံစမ်းပေးနိုင်သည်။ သို့မဟုတ်ပါကလည်း သူတို့သည် ကေအိုင်အေ စစ်စခန်းသို့ တိုက်ရိုက်သွားရောက်ပြီး စခန်းတာဝန်ခံထံတွင် စာရင်းသွင်းလိုကြောင်း တောင်းဆိုနိုင်သည်။
- ကလေးများသည် ကေအိုင်အေက ငွေကြေးထောက်ပံ့ထားသော ပညာရေး အဖွဲ့အစည်းတခုခု ဥပမာ- ထွယ်နင်ရှောင် (Htoi Ningshawng) သို့မဟုတ် "ရောင်ခြည်ဦး" နှင့် "ထမ်းဆောင်ရင်း သင်ယူ" ကျောင်းများတွင် တက်ရောက်ရန် လျောက်ထားခြင်းဖြင့် စစ်လေ့ကျင့်ရေး ပတ်ဝန်းကျင်တွင် တည်ရှိပြီး စစ်လက်နက် အသုံးပြုမှုများကို လေ့လာသင်ယူနိုင်သည်။ ကေအိုင်အေက ထူထောင်ထားသော ကျောင်းများတွင် ကျောင်းလခ မပေးရခြင်း ကဲ့သို့ စာရင်းပေးသွင်းခြင်းအတွက် အကျိုးအမြတ်များကို ပေးထားသည်။
- ကလေးများသည် သူတို့ မိဘများ သို့မဟုတ် အခြားသူများက သူတို့၏ အကျင့်စာရိတ္တပြုပြင်ရန် ပုံစံမျိုးဖြင့်လည်း ကေအိုင်အေ သို့ ပို့ဆောင်ခြင်း ခံရနိုင်သည်။ ဒုက္ခပေးသော ကလေးများ (မူးယစ်ဆေးဝါး သို့မဟုတ် ရာဇဝတ်မှု သို့မဟုတ် ကျောင်းပြေးမှုတွင် ပါတ်သက်သော ကလေးများ) အား စစ်သားသစ်အဖြစ် ထည့်သွင်းခြင်းကို ကေအိုင်အေ နှင့် လူမှုအဖွဲ့အစည်းရှိ လူအများအပြားက လူမှု ပြဿနာ ဖြေရှင်းမှုအဖြစ် လက်ခံထားကြသည်။
- ကလေးများသည် ကေအိုင်အေမှ အိမ်များသို့ လာရောက်စဉ်အတွင်း တွေ့ရှိသွားပြီး အနိုင်ကျင့်ခြင်း သို့မဟုတ် အတင်းအဓမ္မ စစ်သား စုဆောင်းခြင်းများကိုလည်း ခံရနိုင်သည်။

ကချင် လူ့အဖွဲ့အစည်းအတွင်းတွင် ကေအိုင်အေက မိသားစု တခုလျှင် တဦးနှုန်းဖြင့် စစ်သား စုဆောင်းသည့် စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံမှု ရှိနေသော်လည်း စစ်သားသစ် စုဆောင်းရရှိသူသည် အသက်မပြည့်သေးပါက အိမ်ထောင်စု စာရင်းရှိ အချက်အလက်များကို အသုံးပြုပုံ မရပေ။ ကေအိုင်အေ စစ်သားစုဆောင်းသူများသည်လည်း ကျောင်းထွက်ရသော ကလေးများအား ရွေးချယ် ပစ်မှတ်ထားရှိနိုင်သည်။ အလားတူပင် ကလေးများသည် စစ်သားစုဆောင်းရေးအတွက် သဘောဆန္ဒအလျောက် လာရောက်သည့်အခါ သူတို့၏ ဝင်ရောက်မှုအပေါ် ရပ်တန့်ရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေသည့် စနစ်ကျသော စစ်သား စုဆောင်းမှု လုပ်ငန်းစဉ်နှင့် အသက်စီစစ်မှုနှင့် ငြင်းပယ်မှုသည် စစ်သား စုဆောင်းသည့် အရာရှိ၏ သဘောဆန္ဒအပေါ် မူတည်နေသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် အဆင့်မြင့် ကေအိုင်အေ အရာရှိများက အသက်မပြည့်သူ စစ်သားစုဆောင်းမှု အကန့်အသတ်များကို သင်တန်းပေးစဉ်အတွင်း သိရှိအောင် လုပ်ဆောင်ကြောင်း ပြောသည့် အချိန်တွင်ပင်

ထိရောက်သော စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်မှု ယန္တယားများ ကင်းမဲ့ခြင်းသည် အသက် ၁၈ နှစ်အောက် စစ်သား စုဆောင်းမှုကို ခွင့်ပြုထားသကဲ့သို့ ဖြစ်စေသည်။

ကေအိုင်အေအတွင်းရောက်သည်နှင့် ကလေးများအား လူကြီးများကဲ့သို့ သဘောထား ဆက်ဆံပြီး သင်တန်းကာလအတွင်း ပြင်ပကမ္ဘာနှင့် တိုက်ရိုက်ဆက်သွယ်မှုများအား ခွင့်မပြုပေ။ သင်တန်းပြီးဆုံးသည့် အချိန်တွင် စစ်သား ကိုယ်ပိုင်နံပါတ် ရရှိခြင်းဖြင့် ကလေးစစ်သား (ယောက်ျားလေး၊ မိန်းကလေး) များသည် ကေအိုင်အေ စစ်စခန်းများတွင် တိုက်ပွဲမဝင်ရသော အလုပ်များကို တိုက်ပွဲဝင်နိုင်လောက်အောင် ရုပ်ပိုင်းနှင့် စိတ်ပိုင်း အရည်အသွေးများ ရင့်ကျက်လာသည်အထိ တာဝန်ပေးသည်။

ကေအိုင်ကေသည် လက်ရှိ ဆက်လက်တည်ရှိနေသည့် အသက် ၁၈ နှစ်အောက် စစ်သား စုဆောင်းမှုများကို မျှတမှုရှိကြောင်း နည်းအမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည်။

- ကလေးများသည် သဘောဆန္ဒအလျောက် စစ်သားစုဆောင်းမှုအတွက် စဉ်ဆက်မပြတ်လာရောက်နေကြပြီး ငြင်းပယ်ရန် မဖြစ်နိုင်ခြင်း။
- စစ်သားစုဆောင်းပြီးနောက် တိုက်ပွဲများတွင် ပါဝင်သည့် အချိန်အထိ ကလေးများအနေဖြင့် စာသင်ကြားမှုကို ဆက်လုပ်နိုင်သည်။
- စစ်သားစုဆောင်းမှု မတိုင်မီကတည်းက ကလေးများသည် ၁၀ တန်း ရောက်ရှိပြီး ဖြစ်သည်။
- အချို့သော ကလေးများသည် ကျောင်းမှ ထွက်ပြီး မူးယစ်ဆေးဝါးသုံးစွဲနေခြင်း သို့မဟုတ် အခြားသော မှုခင်းများတွင် ပါဝင်နေခြင်း သို့မဟုတ် မိဘမဲ့များ ဖြစ်ခြင်းတို့ကြောင့် ကေအိုင်အေက "ခေါ်ယူ"ထားခြင်း ဖြစ်သည်။

မကြာသေးမီက အစပျိုးတည်ထောက်ခဲ့သော "အမျိုးသား စစ်မှုထမ်းခြင်း" တွင် ကေအိုင်အေ နယ်မြေတွင် နေထိုင်သော အသက် ၁၈ နှစ်နှင့် ၆၀ ကြား ယောက်ျား မိန်းမတိုင်း ၂ နှစ် (စစ်တပ်နှင့် စစ်တပ်မဟုတ်သော) တာဝန်များ ထမ်းဆောင်ရန် ဒီဇိုင်းလုပ်ထားခြင်းတွင် ဤအစီအစဉ်အရ ပထမဆုံးအကြိမ် ပြုလုပ်သည့် စုဆောင်းမှုတွင် ကလေးအရေအတွက် တစုံတရာ ပါဝင်နေခြင်းသည် စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။

နိုင်ငံတကာ ဥပဒေကို လိုက်နာပြီး ဘေးအန္တရာယ်ရှိသော နေရာများတွင် ကလေးများ စုဆောင်းခြင်း နှင့် အသုံးပြုခြင်း ကို အဆုံးသတ်မည်ဟု ကတိကဝတ်များကို ဖော်ပြနေသော်လည်း လက်တွေ့တွင် ကေအိုင်အေအနေဖြင့် အကောင်အထည်ဖော်ခြင်း မရှိသေးပေ။ ကေအိုင်အေတွင် အသက်မပြည့်သူ စုဆောင်းမှုနှင့် အသုံးပြုမှုကို တားမြစ်သော ရေးသားထားပြီး အကောင်အထည်ဖော်နိုင်သည့် မူဝါဒ မရှိပေ။ ဤကိစ္စနှင့် ပတ်သက်၍ ကေအိုင်အေက ရေးစွဲထုတ်ဖော်ထားသော လမ်းညွှန်ချက်များကို ယခုချိန်အထိ ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်း မရှိသေးပေ။

# အဓိက အကြံပြုချက်များ

## ကေအိုင်အေအတွက် အကြံပြုချက်များ

- ✓ အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းအား ချက်ချင်း ရပ်ဆိုင်းပြီး ရာထူးတာဝန်အမျိုးမျိုးတွင် ရှိသူများအားလုံးအား အသက် ၁၈ နှစ်အောက် ကလေးများ နှင့်/သို့ သူတို့ မိသားစုများအနေနှင့် နောက်ဆက်တွဲ တုန့်ပြန်မှုများကို ကြောက်ရွံ့မှု မရှိစေပဲ လွှတ်ပေးရန်။

- ✓ လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် ပတ်သက်သော ပဲရစ် ဥပဒေသများနှင့် လမ်းညွှန်ချက်များ (Paris Principles) နှင့် လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများမှ ဥပဒေမဲ့ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းမှ ကလေးများကို ကာကွယ်ရန် ပဲရစ် ကတိကဝတ်များ (Paris Commitments) တို့ကဲ့သို့သော ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ပိတ်ပင် တားမြစ်ထားသော နိုင်ငံတကာ ဥပဒေနှင့် စံချိန်စံညွှန်းများကို လိုက်နာရန် လူသိရှင်ကြား သဘောတူညီရန်။

- ✓ ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုကို တားမြစ်သော အမိန့်များအား ကေအိုင်အေအတွင်းရှိ စစ်သားများ၊ တပ်မှူးများနှင့် အရာရှိများအားလုံးသို့ ထုတ်ပြန်ပြီး လိုက်နာအောင် ဆောင်ရွက်ရန်။ အမိန့်များကို ကေအိုင်အေ အဖွဲ့ဝင်များ နှင့် ကေအိုင်အို ထိန်းချုပ်မှု ဧရိယာ အောက်တွင်ရှိ ပြည်သူလူထုများသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရန်။

- ✓ သင့်လျော်သော အသက်စီစစ်မှု (ဥပမာ- အိမ်ထောင်စု စာရင်းများအား အသုံးပြုခြင်း) အတွက် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ခြင်းဖြင့် ကလေးစစ်သား စုဆောင်မှုကို ကာကွယ်သော ယန္တယားများကို အားဖြည့်ရန် နှင့် စစ်သားစုဆောင်းသော အရာရှိများနှင့် ကေအိုင်အို မြို့နယ် အာဏာပိုင်များအား သင်တန်းများ ပေးပြီး စစ်သားစုဆောင်းသည့် အလေ့အထများအား စောင့်ကြည့်မှုကို စဉ်ဆက်မပြတ်ပြုလုပ်ရန် အာမခံမှု ပေးရန်။

- ✓ အသက်မပြည့်သူ စစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုများတွင် တာဝန်ရှိသူများအား ထိရောက်သော အရေးယူ အပြစ်ပေးမှုများ ပြုလုပ်ရန်နှင့် ကလေးများအား စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အပေါ် သံသယရှိသူများအား အမိန့်ပေးနိုင်သည့် ရာထူးတာဝန်များမှ ဖယ်ရှားရန်။

- ✓ စောင့်ကြည့်ခြင်း၊ ဖော်ထုတ်ရှာဖွေခြင်း၊ တပ်ထွက်ခွင့်ပေးခြင်းနှင့် ကလေးများအား ပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆန့်စေခြင်း လုပ်ငန်း ရည်ရွယ်ချက်များအတွက် ကုလသမဂ္ဂ၊ နှင့် အခြား လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများအား ကချင် ထိန်းချုပ်နယ်မြေများသို့ အဟန့်အတား အထိန်းအချုပ်မရှိ သွားရောက်မှုအား ဆက်လက်ခွင့်ပြုရန်။

## မြန်မာအစိုးရအတွက် အကြံပြုချက်များ

- ✓ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ လုပ်ငန်းအဖွဲ့ နှင့် အခြားသော လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများအား လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းဆွေးနွေးမှု ဖြစ်မြောက်စေရန်၊ စောင့်ကြည့်လေ့လာနိုင်ရန်နှင့် ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှု စွပ်စွဲချက်များအား စီစစ်နိုင်ရန်နှင့် ကေအိုင်အေနှင့် ဆက်စပ်ပတ်သက်နေသော ကလေးများအား ဘေးကင်းစွာ လွှတ်ပေးနိုင်ရန်နှင့် လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကေအိုင်အေ နှင့် ထိတွေ့မှုကို ခွင့်ပြုရန်နှင့် ကူညီဆောင်ရွက်မှု ပေးရန်။

- ✓ ကချင်အခြေပြု ဒေသခံ၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးထောက်ခံမှုဖြင့် ကေအိုင်အေမှ ကလေးစစ်သား စုဆောင်းအသုံးပြုမှုကို ကာကွယ်တားဆီးရန်နှင့် ကလေးများအပေါ် ပဋိပက္ခများ၏ သက်ရောက်မှုများကို ဖယ်ရှားရန် မဟာဗျူဟာများ ချမှတ်ရေးဆွဲရန်၊

- ✓ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး စာချုပ်တွင် ဘေးအန္တရာယ်ရှိသော နေရာများတွင် အသက်၁၈ နှစ်အောက် ကလေးများ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို တားမြစ်ခြင်းနှင့် ကလေးများအား ကာကွယ်ခြင်းကို ထည့်သွင်း လက်မှတ်ရေးထိုးရန်အတွက် ပံ့ပိုးရန်နှင့် ယင်းကတိကဝတ် အပေါ် စောင့်ကြည့်ရန် သင့်လျော်သော ယန္တယားများ နေရာတကျရှိစေရေးအတွက် တာဝန်ခံရန်။

- ✓ တရားဝင် လက်နက်ဖျက်သိမ်းခြင်း၊ တပ်ထွက်ခွင့်ပေးခြင်း နှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည် ဝင်ဆံ့စေခြင်း ဒီဒီအာရ် (DDR) လုပ်ငန်းစဉ် မတိုင်မီတွင် ကေအိုင်အေရှိ တာဝန်အဆင့်ဆင့်တွင်ရှိသော ကလေးများအား စီစစ်ဖော်ထုတ်ခြင်းနှင့် လွှတ်ပေးခြင်း တို့အား အာမခံနိုင်မည့် ယန္တယားများ ဖော်ထုတ်ရာတွင် ပံ့ပိုးရန်။

## ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့အတွက် အကြံပြုချက်များ

- ✓ အသက်မပြည့်သူ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း နှင့် ကချင်ပြည်နယ်အတွင်း အခြားသော ကလေးများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများအား စောင့်ကြည့်ရန် ပူးပေါင်းရေးဆွဲထားသည့် မဟာဗျူဟာ တရပ် ဖော်ထုတ်ခြင်းဖြင့် ကေအိုင်အေ ထိန်းချုပ်နယ်မြေတွင်ရှိ လက်ရှိ စောင့်ကြည့်လေ့လာမှုနှင့် အစီရင်ခံမှု ယန္တယားအားပိုမိုအားဖြည့်ရန်။

- ✓ ကေအိုင်အေ၏ ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်စေရန် လုပ်ငန်း အစီအစဉ်တစ်ရပ် ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကေအိုင်အေ ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ရန်။

- ✓ ကလေးများ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ကာကွယ်ခြင်းအတွက် ရည်ရွယ်ပြီး အစပျိုးမှုများကို အကြံပြုရန်နှင့် ပံ့ပိုးရန်အတွက် ကေအိုင်အေ တပ်မှူးများ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများကို မိမိတို့ဖက်မှ အစပျိုး ထိတွေ့မှု လုပ်ရန်နှင့် ယင်းတို့နှင့် ပတ်သက်နေသည့် ကလေးများအား စီစစ်ဖော်ထုတ်ရန်နှင့် လွှတ်ပေးနိုင်ရန် နည်းလမ်းများကို ရှာဖွေရန်။

- ✓ ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုအပါအဝင် ကချင်ပြည်နယ်အတွင်း ကလေးအခွင့်အရေး သိရှိနားလည်မှု တိုးပွားလာစေရန် နိုင်ငံအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ လူထု အခြေပြု အဖွဲ့အစည်းများနှင့် လူမှု အဖွဲ့အစည်းများအား ပံ့ပိုးမှု ပိုမိုမြှင့်တင်ရန်။

## ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ

- ✓ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့သည် ကလေးများအပေါ် ချိုးဖောက်မှုများ အားလုံးကို ပြည့်ဝစွာ စောင့်ကြည့်နိုင်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများ အားလုံးကို အစိုးရနှင့် ကေအိုင်အေတို့အား ပံ့ပိုးမှုပေးနိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်အားလုံးကို ရရှိထားစေရန် တာဝန်ခံရမည်။

- ✓ ငြိမ်းချမ်းရေး သို့မဟုတ် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုနှင့် သဘောတူညီချက်အားလုံးတွင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် ကလေးကိစ္စရပ်များ အပေါ် ဖြေရှင်းခြင်း လုပ်ငန်း လမ်းညွှန်ချက်များနှင့် အညီ ကေအိုင်အေနှင့် သက်ဆိုင်သော ကလေးများ၏ လွှတ်ပေးမှု၊ နလန်ထမှုနှင့် ပြန်လည် ဝင်ဆံ့မှုများအား ရည်ရွယ်သော သဘောတူညီချက်များကို ပံ့ပိုးရန်။

## 2. ပါဝင်မှုနှင့် နည်းလမ်းများ

ဤအစီရင်ခံစာ၏ သုတေသန ဦးတည်ချက်မှာ ကေအိုင်အေ ရှိ ကလေးစစ်သား စုဆောင်းမှု၊ သင်တန်းပေးမှု၊ တာဝန်ချထားမှုနှင့် အသုံးပြုမှုများကို ဖော်ထုတ်ရန် ဖြစ်သည်။ သုတေသနကို မြို့ပြစင်တာများ ဖြစ်သော လိုင်ဇာ၊ မိုင်ဂျာယန်၊ လနာဇွတ်နှင့် ကျေးလက် ကျေးရွာများ၊ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် (IDP) စခန်းများနှင့် ကေအိုင်အေ စစ်စခန်းများ အပါအဝင် ကချင်ပြည်နယ် ကေအိုင်အေ ထိန်းချုပ်ဒေသအတွင်း အဓိက ပထဝီ ဒေသဇရိယာ ၃ ခုတွင် လုပ်ဆောင်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ကလေးများအား ရှေ့တန်းများတွင် အသုံးပြုမှုနှင့် တာဝန်ချထားမှု အထောက်အထား မတွေ့ခဲ့ရပါ။ သုတေသနလုပ်ငန်းကို ကေအိုင်အေက တရားဝင် ခွင့်ပြုပြီး ချောမွေ့စေရန် ပံ့ပိုးပေးခဲ့သည်။ သုတေသနလုပ်ငန်းအား ပိတ်ပင်ရန် သို့မဟုတ် တွေ့ရှိချက်များအား ပြင်ဆင်ပြောင်းလဲရန် တစုံတရာ ကြိုးပမ်းမှု မရှိခဲ့ပါ။

တွေ့ရှိချက်များသည် ၂၀၁၄ ခုနှစ် ဖွန်လအတွင်း ကလေးစစ်သားဟောင်းများနှင့် လက်ရှိ ကလေးစစ်သားများ အပါအဝင် ရွာသားများ၊ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များ၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်း ဝန်ထမ်းများ၊ ကေအိုင်အိုင် အရပ်ဖက် ဝန်ထမ်းများနှင့် ကေအိုင်အေ စစ်ဖက်ဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှု ၄၀ ကျော်ကို အဓိကအားဖြင့် အခြေခံထားသည်။[4] တွေ့ဆုံမေးမြန်းမှုများကို ဂျင်းဖော ကချင်ဘာသာဖြင့် အင်္ဂလိပ် ဘာသာပြန်ဖြင့် အဓိက ပြုလုပ်သည်။ တွေ့ဆုံမေးမြန်းသူများကို သုတေသန ရည်မှန်းချက်၊ ဆန္ဒသဘောထားအလျောက် ပါဝင်မှု သဘောသဘာဝနှင့် စုဆောင်းရရှိသည့် အချက်အလက်များအား ပုံနှိပ်ထုတ်ဝေမည့် အကြောင်းများအား အသိပေးသည်။ ကလေးများအားလုံးအား တွေ့ဆုံမေးမြန်းခြင်းများကို သဘောတူညီမှုပေးသော အုပ်ထိန်းသူများ ရှေ့မှောက် သို့မဟုတ် အနီးဝန်းကျင်တွင် ပြုလုပ်သည်။ တွေ့ဆုံမေးမြန်း ခံသူများ မည်သူမည်ဝါ ဖြစ်သည်ကို ပေါ်လွင်စေနိုင်သည့် ပုဂ္ဂိုလ်ရေး အချက်အလက်များနှင့် ဒေသ အတိအကျပါဝင်သော အချက်အလက်များကို သူတို့၏ အမည်မဖော်သည့် အနေအထားကို ကာကွယ်ရန် ယေဘူယျပြုခြင်း သို့မဟုတ် ထိန်ချန်ထားခြင်းတို့ ပြုလုပ်သည်။

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ကေအိုင်အေ၏ ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွမ်မော်ထံမှ ဤ အစီရင်ခံစာမူကြမ်းအပေါ် ရေးသားထားသည့် တုန့်ပြန်ချက်ကို ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရရှိကြောင်း အကြောင်းပြန်သည်မှ အပ မည်သည့် တုန့်ပြန်မှုမျှ မရရှိခဲ့ပါ။

ဝေါဟာရ အသုံးအနှုန်းနှင့် ပတ်သက်၍ ဤအစီရင်ခံစာတွင် သုံးစွဲထားသည့် "မြန်မာ စစ်တပ်" ဆိုသည်မှာ မြန်မာ လက်နက်ကိုင် တပ်ဖွဲ့များ (တပ်မတော်) ကို ဆိုလိုသည်။ သို့ရာတွင် တွေ့ဆုံမေးမြန်းမှုများတွင် ကချင် ဂျင်းဖောစကားတွင် *မြန် (Myen)* ဟူသော အသုံးအနှုန်းမှာ အဓိပ္ပာယ်ရင်းအရ "မြန်မာတိုင်းရင်းသား လူမျိုးများ" ဟု အဓိပ္ပာယ်ရသော်လည်း ဟူသည့် *မြန်ဖျင်လာ (Myen Hpyen La)* ဟု အဓိပ္ပာယ်ရသည့် "မြန်မာ စစ်သား" ကို ရည်ညွှန်းရာတွင် တရားမဝင် သုံးနှုန်းလေ့ရှိကြသည်။

## 3. နောက်ခံ သမိုင်းကြောင်းနှင့် လက်ရှိ အခြေအနေ

၁၉၆၁ ခုနှစ်တွင်[5]ကချင်တိုင်းရင်းသား မျိုးချစ်များ ဖွဲ့စည်းခဲ့သည့် ကေအိုင်အေ သည် ၂၀၁၄ ခုနှစ် ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများအား စစ်သားအဖြစ် စုဆောင်း အသုံးပြုသော အဖွဲ့အစည်း အပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် စာရင်းဖော်ပြထားသည့် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း ၇ ခုတွင် ပါဝင်သည်။[6]

ကေအိုင်အေသည် တခါတရံတွင် မြန်မာနိုင်ငံအတွင်း သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ၏ နောက်တွင် အစိုးရမဟုတ်သည့် ဒုတိယ အကြီးဆုံး လက်နက်ကိုင် အဖွဲ့အဖြစ် ဖော်ပြခံရလေ့ရှိသည်။[7] ၂၀၁၁ ခုနှစ် တိုက်ပွဲများ ပြန်လည် မဖြစ်ပွားမီ ကေအိုင်အေ၏ တပ်အင်အားမှာ ၅၀၀၀ မှ ၁၀၀၀၀ အတွင်း ခန့်မှန်းခဲ့ပြီး အများစုက ၁၀၀၀၀ ပတ်ဝန်းကျင်ရှိမည်ဟု ကျယ်ကျယ် ပြန့်ပြန့် လက်ခံကြသည်။[8] ယင်းကိန်းဂဏန်း တစ်ခုချင်းစီသည် လက်ရှိ ကေအိုင်အေ၏ အရွယ်အစားနှင့် စစ်ရေး စွမ်းဆောင်ရည်ကို လျော့တွက်ထားပုံရသည်။ ဤအစီရင်ခံစာအတွက် သုတေသနလုပ်မှုများက ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်၍ ကေအိုင်အေ၏ အရွယ်အစားသည် အမြဲတမ်းစစ်သည် အင်အားမှာ ၄၀၀၀မှ ၅၀၀၀ အထိ နှင့် အရံအင်အားအဖြစ် အချိန်ပိုင်း ပြည်သူ့စစ် အင်အား ၃၀၀၀ မှ ၅၀၀၀ အထိ တိုးလာသည်ဟု ခန့်မှန်းနိုင်သည်။ ယင်းသည် အပိုဆောင်း ပြည်သူ့စစ်များ အပြင် ကေအိုင်အေ၏ စုစုပေါင်း အရွယ်အစားကို ၉ ၀၀၀ မှ ၁၅ ၀၀၀ အထိ ဖြစ်စေသည်။[9] ကချင် လူမှု အဖွဲ့အစည်းများမှ လက်ရှိ ခန့်မှန်းခြေအရ ကေအိုင်အေ စစ်အင်အားမှာ ၁၀၀၀၀ မှ ၂၀၀၀၀ အကြားတွင်ရှိပြီး နောက်ထပ် ပြည်သူ့စစ်များမှာ ၅၀၀၀ မှ ၁၀၀၀၀ အတွင်း ရှိသည်။[10]

### 3.1 နိုင်ငံရေးနှင့် စစ်ရေး အခြေအနေ

ကချင်များအတွက် ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်သည့် သမိုင်းဆိုင်ရာ မတရားမှုများသည် ၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေး ရသည့် အချိန်မှ စတင်ခဲ့သည်။ အကြီးမားဆုံး သတိပြုနိုင်သည့် ကိစ္စရပ်မှာ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ် ကျဆုံးခြင်းဖြစ်သည်။[11] ယင်းစာချုပ်တွင် ဖက်ဒရယ် ပြည်ထောင်စုအတွင်း တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အတိုင်းအတာ အမျိုးမျိုးဖြင့် အာမခံချက်ပေးရန် ကတိပြုထားသည်။ ယင်း သဘောတူစာချုပ် လက်တွေ့ ဖြစ်မလာသည့်အတွက် ထိလွယ်ရှလွယ် ရှိသည့် လွတ်လပ်သော မြန်မာနိုင်ငံသစ်သည် ၁၉၆၂ ခုနှစ်တွင် စစ်အာဏာ သိမ်းမှု ဖြစ်ပွားခဲ့သည်။ ယင်း နိုင်ငံရေး မတည်မငြိမ်ဖြစ်နေခဲ့သည့် နှစ်များအတွင်း လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် ဗဟိုအစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ရန် လှုပ်ရှားခဲ့သည်။ ယင်းတို့ထဲတွင် ကေအိုင်အေကို ၁၉၆၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ကချင်မျိုးချစ်များလည်း ပါဝင်သည်။

မူလက နိုင်ငံရေးနှင့် ဒေသအတွင်း အပြည့်အဝ လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်ခဲ့ရာမှ ကေအိုင်အေသည် ၁၉၉၄ ခုနှစ်တွင် မြန်မာအစိုးရနှင့် သမိုင်းဝင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး ဖယ်ဒရယ် ရပ်တည်ချက်ကို တရားဝင် လက်ခံခဲ့သည်။ ယင်းအချိန်တွင် ကေအိုင်အေသည် ရှမ်းပြည်မြောက်ပိုင်းမှ ကချင်ပြည်နယ် အလယ်ပိုင်းနှင့် အရှေ့ပိုင်းအထိ တရုတ်နယ်စပ်တလျောက်တွင် တရားမဝင် လက်နက်ကိုင် ကိုယ်ပိုင် အုပ်ချုပ်မှု နယ်မြေတခုကို ထိန်းသိမ်းခဲ့သည်။[12] အပစ်အခတ်ရပ်စဲရေးသည် မြန်မာအစိုးရနှင့် ကေအိုင်အေ အကြား အလုပ်ဖြစ်သော စီးပွားရေးနှင့် နိုင်ငံရေး ဆက်ဆံမှုကို အားဖြည့်ပေးခဲ့သည်။

၂၀၀၈ ခုနှစ်တွင် မြန်မာစစ်အစိုးရက ယင်း၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ်အရ အပစ်အခတ်ရပ်စဲမှုအောက်တွင်ရှိသော လက်နက်ကိုင် အဖွဲ့အစည်းအားလုံး နယ်ခြားစောင့် တပ်ဖွဲ့ (BGF) အဖြစ် မြန်မာစစ်တပ်၏ တိုက်ရိုက် ထိန်းချုပ်မှုအောက်သို့ ကူးပြောင်းရန် ကြေညာခဲ့သည်။ ယင်းအဆိုပြုချက်ကို ကေအိုင်အိုက ပယ်ချခဲ့ပြီး လက်နက်ဖြုတ်သိမ်းခြင်း သို့မဟုတ် တပ်ထွက်ခွင့်ပြုခြင်း လုပ်ငန်းစဉ်များ မတိုင်မီတွင် ပြည့်စုံသော နိုင်ငံရေး ဆွေးနွေးပွဲ တရပ်ကို တောင်းဆိုခဲ့သည်။ ကေအိုင်အေသည် အပစ်အခတ်ရပ်စဲစဉ် ကာလတလျောက်လုံး စစ်သားစုဆောင်းမှုနှင့် စစ်သင်တန်းများကို ဆက်လက်လုပ်ကိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် စစ်သားစုဆောင်းမှု ကြိုးပမ်းချက်ကို စတင် တိုးမြှင့်လာခဲ့ပြီး စစ်သားဟောင်းများအားလည်း ပြန်လည် ခေါ်ယူခဲ့ကြောင်း အစီရင်ခံချက်များ ရှိသည်။[13] နိုင်ငံရေး တင်းမာမှုများ မြင့်မားလာပြီး အတိုက်အခံအုပ်စုများက နောက်ပိုင်းတွင် အတုအယောင် ရွေးကောက်ပွဲ အဖြစ်ကြေညာလာမည့် ၂၀၁၀ တွင် အစိုးရ၏ ကေအိုင်အေ အပေါ် ရန်လိုသော အပြုအမူများတိုးများ လာခဲ့သည်။[14]

စစ်ရေး ထိတွေ့မှုငယ် အများအပြား ဖြစ်ပွားပြီးနောက်တွင် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်တွင် မြန်မာစစ်တပ်က ကေအိုင်အေ စစ်စခန်းများအား ကြီးမားသော စစ်ရေး ထိုးစစ်ကြီးကို စတင်ခဲ့သည်။ တဖြည်းဖြည်း တိုးမြင့်လာသော ရန်လို တိုက်ခိုက်မှုများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတလျောက် အရပ်သား ဧရိယာများကို ခွဲခြားမှုမရှိပဲ ပစ်မှတ်ထား တိုက်ခိုက်လာမှုများနှင့် လေကြောင်း တိုက်ခိုက်မှုများ ဖုံးလွှမ်းလာခဲ့ပြီး အရပ်သား ၁၀၀၀၀၀ ကျော် နေရာရွှေ့ပြောင်းမှုကို ဖြစ်ပေါ်စေခဲ့သည်။ ကချင်ပြည်နယ်အတွင်း မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ[15] အပါအဝင် အရပ်သားများအပေါ် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကို အစောပိုင်း ဆယ်စုနှစ် လေးခု ပဋိပက္ခများတွင် တလျောက်လုံး မှတ်တမ်းတင်တွေ့ရှိခဲ့ရပြီး အပစ်အခတ်ရပ်စဲမှု ပျက်စီးသည့် အချိန်မှ စတင်၍ ဆက်လက်ဖြစ်ပွားခဲ့သည်။ ကေအိုင်အေသည်လည်း အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းများ [16]၊ ရှေ့တန်းတွင် ကလေးစစ်သားများအား တာဝန်ပေးအပ်မှုများ[17]၊ နှင့် တားဆီးပိတ်ပင်ထားသည့် မြေမြှုပ်မိုင်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများ အသုံးပြုမှုများ စသည့် စွပ်စွဲချက်များကို ရင်ဆိုင်ရသည်။[18]

၂၀၁၁ ခုနှစ် ဇွန်လမှ စ၍ မခိုင်မာသော အပစ်အခတ်ရပ်စဲရေးများသည် တိုက်ခိုက်မှုများကို ကွက်တိကွက်ကြား ရပ်တန့်စေခဲ့သော်လည်း ခိုင်မာသည့် ငြိမ်းချမ်းရေး သဘောတူညီမှုကိုမူ မရရှိခဲ့ပေ။ မြန်မာအစိုးရက ထိုအချိန်မှ စ၍ အရေးကြီးသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအား လုံခြုံရေး ယူခဲ့ပြီး ကေအိုင်အေအား သဘာဝ သယံဇာတ ကြွယ်ဝသော ဧရိယာများမှ ဖယ်ရှားခဲ့သည်။ ယခုအခါ နိုင်ငံတကာမှ ကျောထောက်နောက်ခံပြုထားသော နိုင်ငံအဆင့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ အများအပြားဖြင့် ကြိုးပမ်းနေပြီး ၂၀၁၅ ခုနှစ် နှောင်းပိုင်း ရွေးကောက်ပွဲ မတိုင်မီတွင် အကောင်အထည်ပေါ်လာမည်ဟု မျှော်လင့်ရသည်။[19] စေ့စပ်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေပြီး တည်ငြိမ်သော သဘောတူညီချက် မပေါ်ပေါက်သေးပဲ ရှိနေပြီး ပဋိပက္ခ၏ နှစ်ဖက်စလုံးသည် စစ်တပ်များ ရွှေ့ပြောင်းခြင်း၊ ရိက္ခာများ ဖြည့်တင်းခြင်း၊ နှင့် စစ်သား စုဆောင်းခြင်းများကို ဆက်လက်လုပ်ဆောင်နေသော အထောက်အထားများ တွေ့ရသည်။[20]

ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ လတ်တလော အနာဂတ်သည် မရေမရာဖြစ်နေမှု တိုးပွားနေခြင်းကို ပြသနေသည်။[21]

## 3.2 လူမှု-စီးပွား အခြေအနေ

ယခုအခါ ဆက်လက်ဖြစ်ပွားနေသော ၄ နှစ်ကြာ ပဋိပက္ခ၏ ရိုက်ချိုးမှုနှင့် နိုင်ငံတကာ လူသားချင်းစာနာသော အထောက်အကူများမှ ဘေးဖယ်ခံထားရမှု၊ ကချင်ပြည်နယ်အတွင်း ကေအိုင်အေ ထိန်းချုပ် နယ်မြေများတွင် စစ်တပ်တိုးချဲ့ထိန်းချုပ်မှု၊ နှင့် မြန်မာစစ်တပ်နှင့် တရုတ်နိုင်ငံအကြား ကျဉ်းမြောင်းသော ဒေသ သည် ထောင်ပေါင်းများစွာသော အရပ်သားများ၏ နေထိုင်ရာ ဒေသများ ဖြစ်လာသည်။

ဗဟို အစိုးရ၏ တိုက်ရိုက် လက်လှမ်းမီမှု နှင့် ထိန်းချုပ်နိုင်မှု အကန့်အသတ် များကြောင့် ကေအိုင်အေသည် သူ ထိန်းချုပ်ထားရာ နယ်မြေတွင် လူထုအတွက် ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အဓိက ပေးဆောင်သူ ဖြစ်လာသည်။ နိုင်ငံရေး ဦးဆောင် အဖွဲ့ဖြစ်သည့် ကေအိုင်အိုသည် စင်ပြိုင် နိုင်ငံ တာဝန်များကို ထမ်းဆောင်ပြီး ကော်မတီများနှင့် ရဲ၊ လူဝင်မှု ကြီးကြပ်ရေး၊ ကျန်းမာရေး၊ နှင့် အခြား အရပ်သား သတ်မှတ်ချက်များ အပါအဝင် စီမံခန့်ခွဲမှု ဌာနများ တည်ထောင်ထားသည်။ ယင်း "ဝန်ကြီးဌာနများ" စုပေါင်းလုပ်ဆောင်မှုသည် လုံခြုံရေးကို ပေးပြီး အဖွဲ့အစည်းအား သီးခြား၊ ကျေးလက်နှင့် စိုက်ပျိုးရေး ဒေသကို ဖြစ်စေသည်။

ပညာရေး စံနစ်၊ ဘုရားကျောင်းများ[22] နှင့် ဒေသခံ မီဒီယာတို့က ကချင် သွင်ပြင်လက္ခဏာ သတင်းအချက်အလက်များကို အားဖြည့်ပေးပြီး ကေအိုင်အိုအနေနှင့် ကျယ်ပြန့်သော အရပ်သား ထောက်ခံမှုနှင့် ယင်း ထောက်ခံမှုအတွက် လိုအပ်သော တက်ကြွသည့် လူမှုကွန်ယက်များကို ဖြစ်စေသည်။ ကေအိုင်အေ "ဝါဒဖြန့်ချီရေး ဌာန" သို့မဟုတ် "ပရိ တင်းမ်" သည် ဒေသခံ လိုင်ဇာ ရုပ်သံဌာန၊ လိုင်ဇာ အက်ဖ်အမ် ရေဒီယို နှင့် DVD/VCD သီချင်း ဗီဒီယိုများမှ သတင်းအချက်အလက်များ ထုတ်လွှင့်ပေးခြင်းဖြင့် မြန်မာစစ်တပ်ကို တိုက်ခိုက်နေသော ကေအိုင်အေ သူရဲကောင်းများအား ပုံဖော်စေပြီး အရပ်သား လူထု၏ ထောက်ခံမှုကို ရရှိစေသည်။[23] ယင်း မီဒီယာ လုပ်ငန်းများမှ တဆင့် ကေအိုင်အေသည် တည်ရှိပြီး ထောက်ခံမှုကို ပိုမိုခိုင်မာစေပြီး မိမိကိုယ်ကို တော်လှန်သော ကချင် သွင်ပြင်လက္ခဏာအား တက်ကြွစွာ ဖော်ဆောင်ထားသည်။

### ရွှေ့ပြောင်းမှုနှင့် ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် စခန်းများ အခြေအနေ

မြန်မာစစ်တပ်နှင့် ကေအိုင်အေ အကြား ပြန်လည်စမ်းသစ်လာသည့် ပဋိပက္ခသည် ကြီးမားသော အရပ်သား နေရာ ရွှေ့ပြောင်းမှု နှင့် အပစ်အခတ်ရပ်စဲရေး ကာလအတွင်းက နှိုင်းယှဉ်ချက်အရ တည်ငြိမ်မှု ရှိခဲ့သော အကန့်အသတ် စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးမှုတို့ကို ပျက်ပြားသွားစေသည်။ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် (IDP) အရေအတွက် အများအပြားသည် ကေအိုင်အေ ထိန်းချုပ်နယ်မြေတွင် ခိုလှုံခဲ့ပြီး မြို့ပြ စင်တာများ ဖြစ်သော လိုင်ဇာနှင့် မိုင်ဂျာယန်တို့ကို ကြီးထွားလာစေခဲ့သည်။[24] ယင်းမြို့ပြ စင်တာများနှင့် ဖြစ်သလို တည်ဆောက်ထားသော တိုးချဲ့ ဒုက္ခသည် စခန်းများသည် ကေအိုင်အေ ထိန်းချုပ် နယ်မြေ ကျဉ်းကျဉ်း

လေးအတွင်း နေရာယူထားကြသည်။ ရွှေ့ပြောင်းကြရသော အရပ်သားများသည် နေရပ်သို့ မပြန်နိုင်ပဲ ပုံမှန် လူသားချင်းဆိုင်ရာ ထောက်ပံ့မှုများလည်း ချို့တဲ့ နေကြသည်။

ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် (IDP) စခန်းများတွင် လူဦးရေ ထူထပ်စွာ နေထိုင်ရသော ထောင်ပေါင်းများစွာသော လူများသည် ကျန်းမာရေး ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့် အခြေအနေများ ရှိနေသည်။[25] မြန်မာနှင့် တရုတ် နှစ်နိုင်ငံစလုံးက နိုင်ငံတကာ လူသားချင်းစာနာမှု အထောက်အပံ့များ ပိတ်ဆို့ခြင်း သို့မဟုတ် ကန့်သတ်ခြင်း တို့ကြောင့် မရှိမဖြစ် လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများမှာ ရှားပါးပြီး မိုခိုအားထားနိုင်ခြင်း မရှိဖြစ်နေသည်။ ဒေသခံ NGO များနှင့် လူထု အခြေပြု အဖွဲ့အစည်းအချို့သည် နိုင်ငံတကာ အလှူရှင်များထံမှ ထောက်ပံ့ငွေများ ရရှိပြီး လူသားချင်းစာနာမှု အခြေအနေဆိုးဝါးမှုကို လျော့နည်းအောင် ကြိုးပမ်းသော်လည်း လိုအပ်ချက် အားလုံးကို မဖြည့်ဆည်းပေးနိုင်ပဲ အဓိက စဉ်ဆက်မပြတ် အကြီးမားဆုံး အကူအညီ အရင်းအမြစ် အဖြစ် ကေအိုင်အေကိုသာ ဝန်ပိနေစေခဲ့သည်။ ကေအိုင်အို အနေဖြင့်လည်း ရွှေ့ပြောင်း ဒုက္ခသည်များ (IDPs) အား ကျန်းမာရေး စောင့်ရှောက်မှု နှင့် ပညာရေး ကဲ့သို့သော အခြေခံ လူမှု ဝန်ဆောင်မှုများကို ပေးအပ်သည်။

မြေယာ လက်မဲ့ဖြစ်ပြီး စားဝတ်နေရေး လုပ်ငန်းများ မရှိတော့သဖြင့် ပြည်တွင်း ရွှေ့ပြောင်းသူ ဒုက္ခသည်အများစုသည် ဆင်းရဲသား အသစ်များ ဖြစ်လာပြီး အလုပ်လက်မဲ့ ဖြစ်နေကြသည်။ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် အများအပြားသည် အဆင့်ဆင့်ရွှေ့ပြောင်းမှုများ ကြုံတွေ့ခဲ့ရပြီး သူတို့၏ အရင်းအမြစ်များနှင့် ခံနိုင်ရည် ယန္တယားများမှာ ပိုမို ပျက်စီးလျော့နည်းလာကြသည်။ မြို့ပြဒေသများ အတွင်းသို့ ဘေးဖယ်ခံထားရသော ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များ ပုံမှန် ဝင်ရောက်လာခြင်းသည် လုပ်လိုကိုင်လိုစိတ်များသော အလုပ်သမား အရေအတွက် ကို များပြားစေခဲ့ပြီး ယခုအခါတွင် ဒေသတွင်း စီးပွားရေး အခြေအနေက လိုအပ်သည်ထက် ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ [26] ရလာဒ်အားဖြင့် ဒေသအတွင်းတွင် နေ့စားကြေးများမှာ အလွန်အမင်း ကျဆင်းသွားပြီး ဝင်ငွေ လိုအပ်နေသော ပြည်သူလူထုများမှာ လောဘကြီးသော စီးပွားရေး အမြတ်ထုတ်မှု နှင့် လူကုန်ကူးခြင်း ဘေးအန္တရာယ်များကို ပိုမိုကြုံတွေ့ နေရသည်။[27]

မြို့ပြ ဒေသများ ဖြစ်သည့် ကေအိုင်အေ နယ်မြေအတွင်း မြို့ပြ အဖွံ့ဖြိုးဆုံးဖြစ်သော လိုင်ဇာနှင့် မိုင်ဂျာယန် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများသည် လမ်းများ၊ လျှပ်စစ်မီး၊ ဖုန်းဆက်သွယ်ရေး နှင့် အခြား ခေတ်မီ နည်းပညာများကို သုံးစွဲနိုင်ကြသည်။ ယင်းတို့ကို ကေအိုင်အေနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် အာဏာပိုင်တို့အကြား နှစ်ဦးနှစ်ဖက် စီးပွားရေး အကျိုးအမြတ်နှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် လုပ်ဆောင်ထားသည်။[28] ကချင်-တရုတ် နယ်စပ်တလျောက်ရှိ ကာစီနိုနှင့် ဟော်တယ် အများအပြားသည် လူများ၊ ကုန်ပစ္စည်းများနှင့် တရားမဝင် လှုပ်ရှားမှုများ ကူးသန်းဖြတ်ကျော်မှုကို တွန်းအား ဖြစ်စေသည်။[29]

ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခသည် အတင်းအဓမ္မ နေရာရွှေ့ပြောင်းမှုများကို ဖြစ်ပေါ်စေရာ စစ်ရေးဆိုင်ရာ နယ်ခြားဒေသတွေကို လုံခြုံစွာ ထိန်းသိမ်းနိုင်စွမ်းသည် ကချင်ပြည်နယ် အတွင်း နေထိုင်သော ထောင်ပေါင်းများစွာ၏ အသက်ရှင်သန်ရေးအတွက် အလွန် အရေးကြီးနေသည်။ ထို့အပြင် ကေအိုင်အေနှင့် မြန်မာစစ်တပ်၏ ဂိတ်များ၊ ညမထွက်ရ အမိန့်များနှင့် မြေမြုပ်မိုင်းများသည်လည်း အရပ်သား လှုပ်ရှားသွားလာမှုကို ကန့်သတ်ထားသည်။[30] လမ်းပိတ်ဆို့မှုနှင့် ဂိတ်များ အပါအဝင်

လွတ်လပ်စွာ သွားလာမှုကို ကေအိုင်အေက ထိန်းချုပ်ထားခြင်းသည် ကေအိုင်အေ စစ်သားများအတွက် အရပ်သား ပြည်သူလူထုနှင့် အပြန်အလှန် ဆက်သွယ်မှုအပေါ် အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က ကေအိုင်အေ စစ်သားများ လက်တွင် အရပ်သားများ ငွေတောင်းခံရခြင်း အတင်းအကြပ် စစ်သား စဆောင်းခံရခြင်း တို့နှင့် ပတ်သက်သည့် အတည်မပြုနိုင်သေးသော အစီရင်ခံချက်များ ရရှိသည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က တရားမဝင် နှင့် တခါတရံတွင် ကြေညာခြင်း မရှိသော မြို့ပြများရှိ ညမထွက်ရ အမိန့်ကို ချိုးဖောက်သူများအား အတင်းအဓမ္မစစ်သား စုဆောင်းခြင်း အပေါ် အစီရင်ခံချက်ကိုလည်း အတည်မပြုနိုင်သေးပဲ ကေအိုင်အေ စစ်သားစုဆောင်းသည့် ကင်းလှည့်တပ်ဖွဲ့များက ညအချိန်တွင် လူများကို လမ်းပေါ် မထွက်ရဲပဲရှိစေကြောင်း အစီရင်ခံချက်များလည်း ရှိသည်။

ဤအစီရင်ခံစာအတွက် သုတေသနပြုလုပ်နေစဉ်အတွင်း ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် စခန်းများတွင် ကေအိုင်အေများ ရှိနေခြင်းမှာ အလွန်နည်းပါးပြီး စခန်းများတွင် ရှိသော စစ်သားများမှာ သူတို့ကိုယ်တိုင် ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များ ဖြစ်ကြသည်။ ပြည်တွင်း ဒုက္ခသည် စခန်းမှ လူငယ်ခေါင်းဆောင် တဦး၏ ဖွင့်ဟ ဝန်ခံချက်အရ လွန်ခဲ့သည့် နှစ်အတွင်းတွင် စခန်း ကော်မတီသည် စခန်းမှ စစ်သား စုဆောင်းခြင်းကို အထူး တားမြစ်ထားခဲ့သည်။

> "အဲဒါပြောင်းသွားတယ် ဘာလို့လဲဆို စခန်းကော်မတီက ကေအိုင်အေကို စခန်းတွေထဲမှာ စစ်သားစုဆောင်းတာကို တားမြစ်ပေးဖို့ တောင်းဆိုခဲ့လို့ဖြစ်တယ်။ စခန်းထဲက လူတွေက ဒါကို သိတယ်။ စခန်း ကော်မတီက လူတွေကို စခန်းပြင်မထွက်ဖို့ မှာထားတယ်။ ဘာလို့လဲဆိုရင် အပြင်အပ ဧရိယာများ ကိုယ့်ဘာသာ တာဝန်ယူရတယ်။ အဲဒီမှာ ဖြစ်လာတဲ့ အန္တရာယ်က ကိုယ့်တာဝန်ပဲ"[31]

စခန်းများအတွင်းရှိ ကလေးများ အား ကာကွယ်ရန် ကြိုးပမ်းမှုများ ရှိသည်။ စီမံခန့်ခွဲရေး ကေအိုင်အို စခန်း ကော်မတီက ဒုက္ခသည် စခန်းအတွင်းရှိ စာရင်းသွင်းထားသော ကလေးများအား ညပိုင်းများတွင် ရေတွက်သည်။[32] UNICEF မှ တစိတ်တပိုင်း ထောက်ပံ့မှုဖြင့် Save the Children အဖွဲ့သည် ဒေသတွင်း ကချင် အန်ဂျီအိုဖြစ်သော ဝမ်ပေါင်နင်ထွယ် (Wunpawng Ningtoi (WPN)) နှင့် တွဲဖက်၍ ကေအိုင်အေ ထိန်းချုပ် နယ်မြေတွင်ရှိ လာနာဇွတ်ဂျာနှင့် အခြား အိုင်ဒီပီ စခန်း ၅ ခုတွင် ကလေးကာကွယ်ရေး လုပ်သားများအား သင်တန်းပေးခဲ့သည်။[33] ယင်းလုပ်သားများသည် အကာအကွယ်ပေးထားသည့် "ကလေးနှင့် ကိုက်ညီသော နေရာများ" ကို ဒုက္ခသည် စခန်းများတွင် ဖန်တီးပေးသည်။ သို့မဟုတ်ပါက ပဋိပက္ခ သက်ရောက်မှု ခံရသော ကလေးများသည် လူကြီး၏ ကြီးကြပ်မှုအောက်တွင် ကစားကြရသည်။ သို့ရာတွင် ယင်း လှုပ်ရှားမှုများအား ရရှိနိုင်မှုမှာ အကန့်အသတ်များ ရှိနေဆဲ ဖြစ်သည်။[34]

## ကချင်ပြည်နယ် ကေအိုင်အေ ထိန်းချုပ်နယ်မြေရှိ ကလေးများ

ဤ ဧရိယာအတွင်းတွင် နေထိုင်ကြသော ကလေးများသည် လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ ဆုတ်ယုတ်မှုကို အပြင်းအထန် ခံစားရပြီး အလုပ်ရရှိနိုင်မှု အခွင့်အလမ်းမှာ အလွန် အကန့်အသတ်ရှိပြီး ဘေးအန္တရာယ်များ ရှိနေသည်။ ကျောင်းပြီးကြသော ကလေးများသည် မြန်မာအစိုးရ၏ ပညာရေး စနစ်တွင်

စာရင်းသွင်းသည့်အခါတွေ့ကြုံရသော စိမ်ခေါ်မှုများကြောင့် ပညာဆက်လက်သင်ကြားရန် လိုလားမှု မရှိဖြစ်ကြရသည်။[35]

တိုင်းရင်းသား မျိုးချစ်ဝါဒသည် လက်ရှိ ပညာရေး စံနစ်တွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည်။ မည်သို့ ရှိနေသည်ကို ဤ အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းရာတွင် ထင်ရှားသော ကချင် ကျောင်းဆရာတစ်ဦးက ပြောပြခဲ့သည်။

> "ကချင်မှာ အမျိုးသား ပညာရေး ကဏ္ဍဟာ ကချင်ဖြစ်ခြင်းအပေါ် ကျွန်တော်တို့ရဲ့ သွင်ပြင်လက္ခဏာမှာ အမြစ်တွယ်နေတယ်..... တော်လှန်ရေး သဘောတရားတွေနဲ့ ပညာရေးဟာ အတူယှဉ်တွဲ ရှိနေတယ်။ ပညာရေး ရဲ့ ရွယ်ရွယ်ချက်ဟာ လူထု ဝန်ဆောင်မှုကို မြှင့်တင်ဖို့ဖြစ်တယ်။"[36]

ပညာရေး အဖွဲ့အစည်းများကို ကေအိုင်အေက သင့်တော်အောင် လုပ်ဆောင်ထားပြီး အဖွဲ့အစည်းများဖွဲ့စည်းကာ လူထု ဝန်ဆောင်မှုကို ပံ့ပိုးမှု ဖြစ်စေသည်။ ထွယ်နင်ရှောင် (Htoi Ningshawng) သို့မဟုတ် "ရှောင်ခြည်ဦး" သည် မိုင်ဂျာယန်ရှိ ထိပ်တန်း ဘော်ဒါ ကျောင်းဖြစ်ပြီး လူထု ဝန်ဆောင်မှု အတွက် စေတနာ့ဝန်ထမ်းလိုသော ဆန္ဒရှိသည့်ပြီး ကေအိုင်အေ သို့မဟုတ် ကေအိုင်အို တွင် တာဝန်ထမ်းဆောင်လိုသော ကလေးများအတွက် ခေါင်းဆောင်မှု သင်တန်းကျောင်းဖြစ်သည်။ ထွယ်နင်ရှောင် (Htoi Ningshawng) ကို ၂၀၁၃ ခုနှစ်တွင် ကေအိုင်အေက စတင်ခဲ့သော လူငယ်များအတွက် ပညာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှု EEDY ဟု ခေါ်ဆိုသည့် ပိုမိုကျယ်ပြန့်သော လုပ်ဆောင်မှုနှင့် အတူ လည်ပတ်သည်။[37] ကျောင်းနှင့် EEDY နှစ်ခုစလုံးသည် ကေအိုင်အေ ဒု-စစ်ဦးစီးချုပ် ဂွမ်မော်၏ လမ်းညွှန်မှုအောက်တွင် လည်ပတ်သည်။ ကေအိုင်အေနှင့် ဂွမ်မော်တို့နှင့် တွဲဖက်နေလျက်ရှိသော်လည်း ကျောင်းသည် စစ်သင်တန်း သို့မဟုတ် ကျောင်းပြီးသည့် အခါတွင် လူထု လုပ်ငန်း လုပ်ဆောင်ရမည်ဟူသော သတ်မှတ်ချက် ချမှတ်ထားခြင်း မရှိပေ။ ထွယ်နင်ရှောင်မှ ကျောင်းပြီးသည့် အသက် ၁၇ နှစ်အရွယ် နှစ်ဦးသည် ၂၀၁၃ ခုနှစ်တွင် ကေအိုင်အေ အရာရှိ သင်တန်းကျောင်းသို့ ဝင်ရောက်ခဲ့ပြီး အခြား ၆ ဦးသည် ကေအိုင်အို အရပ်ဖက် ဝန်ဆောင်မှု သို့မဟုတ် အဆင့်မြင့် ပညာများ ဆက်လက်သင်ကြားမှုသို့ သွားခဲ့ကြသည်။ နိုင်ငံတကာ ကလေးစစ်သားအဖွဲ့ လက်ရှိကျောင်းတက်နေသည့် အသက် ၁၂ နှစ်အရွယ် ကျောင်းသားအား တွေ့ဆုံမေးမြန်းခဲ့ရာ သူမအနေဖြင့် ကျောင်းသို့ စိတ်ပါလက်ပါ လာရောက်ခဲ့ခြင်း ဖြစ်ပြီး ကေအိုင်အေတွင် ဗိုလ်ချုပ် ဖြစ်ချင်သည်ဟု ပြောခဲ့သော်လည်း အခြား တွေ့ဆုံမေးမြန်းသူများက ကေအိုင်အေ ထက်စာလျှင် ကေအိုင်အိုတွင် ဝင်ရောက်လိုကြောင်း ပြောကြသည်။

ကေအိုင်အေ နယ်မြေရှိ ကျောင်းများက ပေးသော ပညာရေး အရည်အသွေးသည် ပဋိပက္ခနှင့် ရွှေ့ပြောင်းမှုများကြောင့် ထိခိုက်မှု အကြီးအကျယ်ရှိခဲ့ပြီး ဒုက္ခသည်စခန်းများရှိ ကျောင်းများသည် ကြီးမားသော စိမ်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဒုက္ခသည်စခန်းများတွင် ကလေးများသည် လုံလောက်သော ပညာရေး လက်လှမ်းမီမှု အားနည်းလျက်ရှိပြီး လူများ ပိုလျှံလာခြင်းသည် ကေအိုင်အေ၏ ကျောင်းဆောက်ပေးနိုင်သော စွမ်းရည်၊ လေ့ကျင့်ထားသော ဆရာများနှင့် ပညာရေး သင်ထောက်ကူပစ္စည်းများ ရရှိနိုင်မှု စွမ်းရည်ကို ဆွဲဆန့်သွားစေသည်။ အချို့သော ကလေးများသည်

လူဦးရေ ပိုလျှံနေသော ကျောင်းများတွင် အနည်းငယ်သော ဆရာများနှင့် ပညာဆက်လက်သင်ရန် ကြိုးပမ်းကြသည်။ အခြားကျောင်းသားများမှာ နယ်စပ်မြို့ကာစီနိုင်များ သို့မဟုတ် တရုတ်နိုင်ငံ စက်ရုံများတွင် အလုပ်လုပ်ရန် ကတိကဝတ်များဖြင့် သွေးဆောင်ခံကြရသည်။ တရုတ်-မြန်မာနယ်စပ်ရှိ ကေအိုင်အေ ထိန်းချုပ်ထားသော မိုင်ဂျာယန်တွင် ဒုက္ခသည်များအား စီးပွားရေး အခွင့်အလမ်းများ ပိုမိုရရှိစေသော်လည်း နယ်စပ်ဖြတ်ကျော် လူကုန်ကူးသူများကြောင့် အခြား တည်ဆောက်ထားသော စခန်းများထက် ဘေးအန္တရာယ် ပိုမိုကြုံတွေ့စေနိုင်သည့် အလားအလာကို ဖြစ်စေသည်။ စခန်း ဂိတ်များ အပြင်အပသို့ ရောက်ရှိသွားသော ကလေးများသည် ဒုက္ခသည်များအဖြစ် အနိမ့်ဆုံးသော စံချိန်စံညွှန်းရှိ ကာကွယ်မှုကို သာရရှိပြီး စီးပွားရေး အခွင့်အလမ်း ကတိကဝတ်များကို စဉ်ဆက်မပြတ် ရင်ဆိုင်ကြရကာ လူကုန်ကူးမှု ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ဖြစ်ပေါ်နေသော နယ်စပ်မြို့များ၏ ဘေးအန္တရာယ်ကို ကြုံတွေ့ကြရသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းသူ အများအပြားသည် ကာစီနိုများနှင့် ယင်းတို့၏ လူငယ်များအတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲမှု မြင့်မားစေမှုနှင့် စီစဉ်မထားသည့် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုများအကြောင်း ပြောပြကြသည်။

သို့တိုင်အောင် အခြား ကလေးများသည် သမိုင်းကျောင်း ဝမ်းနည်းကြေကွဲဖွယ်ရာများ၊ နှင့် မတရားမှု နှင့် ကေအိုင်အေမှ ကျောထောက်နောက်ခံပြုထားသော တိုင်းရင်းသား မျိုးချစ်ဝါဒအပေး နာခံမှုတို့ကြောင့် ကေအိုင်အေ ဦးဆောင်သော တော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်ရန် ကြိုးပမ်းကြသည်။

## 4. ကေအိုင်အေ၏ ကလေးများအား စစ်သားစုဆောင်းသည့် နည်းလမ်းများ

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများ ပါဝင်မှုမှာ ကေအိုင်အေ စတင်ဖွဲ့စည်းချိန်ကပင်[38]စတင်ခဲ့သော်လည်း ကေအိုင်အေသည် ၁၉၆၀ ခုနှစ်များမှ စ၍ ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့ကို ယနေ့တိုင် ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။[39] ပဋိပက္ခ၏ အကျိုးဆက်ကြောင့် မိသားစုဝင်များ၊ အိမ်များနှင့် စားဝတ်နေမှုဘဝများ တိုက်ရိုက် ဆုံးရှုံးခြင်း တို့သည် ကလေးများအပါအဝင် လူအများအပြားကို ကေအိုင်အေအတွက် သဘောဆန္ဒအလျောက် တာဝန်ထမ်းဆောင်ရန် နောက်ကွယ်က တွန်းအား ပေးလျက် ရှိသည်။

ခန့်မှန်းခြေအားဖြင့် ကေအိုင်အေတွင် ကလေး ၅၀၀ မှ ၁၀၀၀ အထိ ပါဝင်လှုပ်ရှားလျက်ရှိခဲ့ကြောင်း အစီရင်ခံချက်များ ရရှိခဲ့သော်လည်း ယင်း တရားမဝင် ကိန်းဂဏန်းများသည် ကေအိုင်အေ၏ တခုလုံး အရွယ်ပမာဏ ပေါ်မူတည်ပြီး ရှေးရိုးစွဲ ခေတ်မမီတော့သည့် အခြေခံပေါ်တွင် အချိုးကျ တွက်ချက်ထားခြင်း ဖြစ်သည်။[40] ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်မှ စ၍ စစ်သား လိုအပ်မှု မြင့်မားလာခြင်းသည် ကေအိုင်အေ၏ စစ်သား စုဆောင်းမှု အစီအစဉ်တွင် တိုးချဲ့ခြင်းနှင့် တီထွင်မှုများက စစ်တပ်အတွင်း ကလေးများ အရေအတွက် မြင့်မားလာသည်ကို ခိုင်မာစွာ အဆိုပြုနေသည်။ သို့ရာတွင် တိကျသော ကိန်းဂဏန်း အရေအတွက်မှာ လက်သင့်ခံနိုင်သော အချက်အလက် ကောက်ယူသည့် တာဝန်ခံမှုရှိသော နည်းလမ်း ကင်းမဲ့မှုကြောင့် ရရှိနိုင်ခြင်း မရှိပေ။

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့မှ လုပ်ဆောင်ခဲ့သော သုတေသနအရ ကေအိုင်အေအတွင်းရှိ ကလေးစစ်သား အများစု၏ အသက်အရွယ်မှာ ၁၅ နှစ်မှ ၁၇ နှစ်အတွင်း ရှိသော်လည်း အချို့သော အစီရင်ခံချက်များတွင် ၁၃ နှစ်နှင့် ၁၄ နှစ်ကလေး အနည်းငယ်ရှိသည်။[41]

မိန်းကလေးရော ယောက်ျားလေးပါ စုဆောင်းခံရသည်။ မိန်းကလေး စစ်သားစုဆောင်းခံရသူများသည်လည်း ယောက်ျားလေးများကဲ့သို့ပင် တူညီသော သင်တန်း အစီအစဉ်ကို တက်ရောက်ရပြီး ကွင်းဆင်း သင်တန်းများကို ယောက်ျားလေး - မိန်းကလေး ရောနှောပြီး ပြုလုပ်ရသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည်လည်း ဗိုလ်သင်တန်းကျောင်း (OTS) တွင် သင်တန်းသားများအဖြစ် ရှိနေကြပြီး ကျောင်းဆင်းသည့် အချိန်တွင် သူတို့သည် အရာရှိများအဖြစ် အသိအမှတ်ပြုခံရပြီး ပုံမှန် စံချိန်စံညွှန်း တာဝန်များ ပေးအပ်ခံရသည်။ (ဗိုလ်သင်တန်း ကျောင်းနှင့် ပတ်သက်သည့် အသေးစိတ်ကို အောက်တွင် ဖော်ပြထားသည့် အခန်း ၄-၁ ကေအိုင်အေ ထောက်ပံ့သော စစ် ပညာရေး တွင် ကြည့်ပါ) သို့ရာတွင် အမျိုးသမီး စစ်သားသစ်များသည် အသက်အရွယ်အပေါ် မူတည်မှုမရှိပဲ တိုက်ခိုက်ရေးတွင် တာဝန်ပေးမှုကို တားမြစ်ထားပြီး ကေအိုင်အေအား ထောက်ကူပြုတပ်ဖွဲ့များတွင် တာဝန်ပေးသည်။ ယင်းတာဝန်များတွင် ကေအိုင်အေ၏ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး စခန်းများတွင် ချက်ပြုတ်ရေး သို့မဟုတ် သန့်ရှင်းရေး တာဝန်များ ပါဝင်သည်။ ကာကွယ်ရေး စခန်းများတွင် အမျိုးသမီး တပ်စိတ်သည် လုံခြုံရေး တာဝန်ကိုလည်း ယူရသည်။ ဤအစီရင်ခံစာအတွက် သုတေသနပြုနေစဉ်အတွင်း အမျိုးသမီး သို့မဟုတ် အမျိုးသား တပ်သားသစ်များ၊ အရွယ်ရောက်သူ သို့မဟုတ် ကလေးများအား၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်သည့် အထောက်အထား တစုံတရာ မတွေ့ရှိရပါ။

ယင်းကလေးများ၏ အရေအတွက် ကြီးကြီးမားမားသည် ကေအိုင်အေတပ်တွင်းသို့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်လာခြင်းမပြုမီတွင် လူမှု-စီးပွား အားနည်းချက်များနှင့် အခွင့်အလမ်း နည်းပါးခြင်းတို့ကို ခံစားခဲ့ကြရသည်။ အသက်အရွယ်နှင့် မဆိုင်ပဲ ကေအိုင်အေ စစ်သားသစ်အားလုံးသည် သူတို့ မိသားစုများအတွက် ဆန်နှင့် ဆားကို ရရှိကြောင်း သိရသည်။[42] အရင်းအမြစ်များ အားကောင်းသည့် အချိန်တွင် အချို့သည် နာမည်ခံ လစာငွေကို ခံစားခွင့်ရှိကြောင်း သိရသည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားအဖွဲ့က ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများက သဘောဆန္ဒအလျောက် စစ်သားအဖြစ် ဝင်ရောက်ခြင်းတွင် သေးငယ်သော ရုပ်ဝတ္ထုပံ့ပိုးမှုသည် အဓိက အကြောင်းရင်းမဟုတ်ပဲ လူထု ဝန်ဆောင်မှုပေးခြင်း၊ လက်စားချေခြင်းနှင့် တရားမျှတမှု၊ တို့နှင့် အတူ ဘဝအတွက် အခြားရွေးချယ်စရာမရှိခြင်းတို့မှာ တပ်ထဲဝင်ရောက်ခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်သည်။ ဒုက္ခသည် စခန်းအတွင်း ကလေးများနှင့်အတူ အလုပ်လုပ်သော ကူညီရေး လုပ်သား တဦးက ထင်မြင်ချက်ပေးရာတွင်-

> "အလုပ်မရှိဘူး၊ ၁၀ တန်းအောင်လဲ မရှိဘူး။ ဒါဟာ ကေအိုင်အေထဲကို အများအပြား ဝင်ရောက်လာတဲ့ အကြောင်းရင်း တခုဖြစ်တယ်။ စစ်ဖြစ်နေတဲ့ အတွက် ကေအိုင်အေကလည်း သူတို့ကို ဝင်စေချင်တယ်။ ကျွန်တော်အမြင်အရဆိုရင် လူငယ်တွေအတွက် မျှော်လင့်ချက်မရှိဘူး။ ဆယ်တန်းအောင်ရင် ဆရာလုပ်လို့ရတယ်ဆိုပေမယ့် အဲဒီအလုပ်က ဝင်ငွေ နည်းနည်းပဲ ရပြီး တော်တော်များများက ကိုယ့်ဘာသာတောင် မလောက်ကြဘူး။ တခြား တခုတည်းသော ရွေးချယ်စရာကတော့ စစ်သားလုပ်ဖို့ပဲ။ ကျောင်းပြီးသွားတဲ့ လူငယ်တွေအတွက် ဘာမျှော်လင့်ချက်မှ မရှိဘူး။ သူတို့မှာ စစ်သားလုပ်တဲ့ အပြင် ရွေးချယ်စရာ နည်းနည်းပဲရှိတယ်။"[43]

ယင်းကူညီရေး လုပ်သားကပဲ ပြောသည်မှာ-

> "ကလေးအများအပြားက အမှန်တကယ်ကို ဝင်ချင်ကြပြီး သူတို့ ကျောင်းမသွားကြတော့ဘူး။ စစ်သား ဖြစ်ချင်တဲ့ ကလေးတွေက သိပ်များနေပြီး သူတို့ ဆန္ဒ ဖြစ်လာတဲ့ အခါ သူတို့တွေကို တားဆီးဖို့ သိပ်ခက်တယ်... ကလေးက အမှန်တကယ် ဝင်ရောက်လိုစိတ်ရှိပြီး သူ၏ မိဘများက သဘောမတူပါက သူတို့ကလေးကို ဘော်ဒါ ကျောင်းသို့ ပို့နိုင်သည်။ သို့သော်လည်း ကလေးက တကယ့် တကယ်ကို ဝင်ရောက်ချင်တယ်ဆိုရင် တခြားရွေးချယ်စရာ များများစားစားမရှိပဲ တခါတလေမှာ ဝင်ရောက်ခွင့်ပေးလိုက်တာကသာ ပိုမိုလွယ်ကူပါတယ်။"[44]

အခြားကလေးများသည် အသက်အရွယ်မခွဲခြားပဲလုပ်ဆောင်သည့် ပြင်းထန်သော စစ်သားစုဆောင်းရေး နည်းလမ်းများကို ကြုံတွေ့ကြရသည်။ အချို့မှာ သတ်သတ်မှတ်မှတ် စစ်သားစုဆောင်းရေးအတွက် ရွေးချယ်ခံကြရသည်။ အဘယ်ကြောင့်ဆိုသော သူတို့တွင် ကျောင်းပြေးခြင်း သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲခြင်း စသည့် လူမှုရေးအရ ဖောက်ပြန်သော အပြုအမူများ ရှိခြင်းကြောင့် ဖြစ်သည်။ စစ်သား စုဆောင်းရေး လုပ်ပုံကိုင်ပုံများသည် အမျိုးအစားနှင့် အတင်းအဓမ္မ လုပ်ဆောင်မှုပမာဏအမျိုးမျိုး ကွဲပြားပြီး လူမှုရေး ဖိအားမှသည် ခြိမ်းခြောက်မှု၊ ဓော်ကားမှုနှင့် ရုပ်ပိုင်းဆိုင်ရာ အတင်းအကြပ် အင်အားသုံးခြင်းအထိပါဝင်သည်။ စစ်သားစုဆောင်းရာတွင် အင်အားသုံးခြင်းတွင် အုပ်စုလိုက် ဖိအားပေးခြင်း- ယင်းတွင် ကေအိုင်အေ စစ်သား နှစ်ဦး သို့မဟုတ် အုပ်စုငယ် တစုက ကလေးကို ရုပ်ပိုင်းဆိုင်ရာအရ ဝိုင်းဝန်းဖမ်းဆီးခြင်း သို့မဟုတ် အင်အား သုံးမည်ဟု ခြိမ်းခြောက်ခြင်းမျိုး ပါဝင်သည်။ [45]

သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က ရုပ်ပိုင်းအကြမ်းဖက်မှုသည် ကလေးစစ်သား စုဆောင်းခြင်း၏ စနစ်ကျသော အစိတ်အပိုင်း အဖြစ် ပံ့ပိုးသည့် အထောက်အထား မတွေ့ရှိခဲ့ရပါ။[46]

## 4.1 ကလေးများအား စစ်သားစုဆောင်းသည့် လမ်းကြောင်းများ

ကလေးများသည် ကေအိုင်အေ သို့ စစ်မှုထမ်းရန် နေရာအတော်များများကို လက်လှမ်းမီကြသည်။

ကေအိုင်အို၏ ၁၀ တန်းအောင် ကျောင်းသားများသည် သူတို့ ကျောင်းပြီးခြင်းသည် လူကြီးဖြစ်ပြီဟု ယဉ်ကျေးမှုအရသတ်မှတ်ချက် ဖြစ်သဖြင့် အသက်မပြည့်သည်ဖြစ်စေ ကေအိုင်အေသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့် ရှိသည်။[47] ကေအိုင်အေ၏ အထက်တန်းကျောင်းပညာရေးသည် မြန်မာအစိုးရကဲ့သို့ပင် ၁၀ တန်းတွင် အဆုံးသတ်သဖြင့် ကျောင်းသားများသည် ပုံမှန်အားဖြင့် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းတွင် အမြင့်ဆုံး ပညာရေး အဆင့်ကို အောင်မြင်ကြသည်။

ကျောင်းတွင် ၁၀တန်းသို့ မရောက်မီပင်လျှင် ကလေးများသည် ဒေသခံ မြို့နယ် အရာရှိ (ကေအိုင်အို၏ အရပ်ဖက်ဝန်ထမ်း) အား သူတို့ တပ်ထဲဝင်လိုကြောင်း အကြောင်းကြားနိုင်သည်။ ယင်းရုံးက အနီးဆုံး ကေအိုင်အေ တပ်စခန်းသို့ ဆက်သွယ်ပြီး နောက်တကြိမ် စစ်သင်တန်း မည်သည့်အချိန်တွင် ပြုလုပ်မည်ကို မေးမြန်းသည်။ ထို့နောက် ကလေးသည် စောင့်စား စာရင်းအဖြစ်ဖြစ်လာပြီး သင်တန်းစသည့်အခါ သင့်လျော်သည့် အချိန်တွင် ဆက်သွယ်သည်။ ကေအိုင်အေအနေဖြင့် စစ်သား မစုဆောင်းမီ အသက်စစ်ဆေးမှု ပြုလုပ်သည်ဟု ပြောဆိုနေသော်လည်း ယင်း လုပ်ငန်းစဉ်များမှာ မရှင်းလင်းလှပဲ လွဲပြောင်းသည့် ဖြစ်ရပ်များတွင် လုပ်ငန်းစဉ်ကို ကေအိုင်အို မြို့နယ် အရာရှိက ချုပ်ကိုင်ထားသည်။ လူသစ်သည် အသက်ပြည့်မပြည့်ကို ကျေညာရာတွင် တဦးချင်းစီ၏ ပုဂ္ဂိုလ်ရေး ဆုံးဖြတ်ချက်ဖြင့်သာ ပြုလုပ်နိုင်ပြီး နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုများက ကလေးသည် အစဉ်တစိုက် တပ်ထဲဝင်ရန် ကြိုးပမ်းနေပါက စစ်တပ် သို့မဟုတ် အရပ်ဖက် ဝန်ထမ်း အဖြစ် ဝင်ရောက်ရန် သို့မဟုတ် စစ်စခန်းသို့ အကြိမ်ကြိမ် လာရောက်နေပါက သူတို့၏ အသက်များကို မကြည့်တော့ပဲ ရှိသည်ကို တွေ့ရသည်။ တခြားတနည်းအားဖြင့် ကလေးများသည် ကေအိုင်အေ စစ်စခန်းများသို့ သွားရောက်ပြီး ကေအိုင်အေ တာဝန်ခံ အရာရှိကို သူတို့အား စာရင်းသွင်းပေးရန် တိုက်ရိုက် တောင်းဆိုနိုင်သည်။ အသက်မပြည့်သေးသော ကေအိုင်အေ စာရင်းသွင်းသူနှင့် လက်နက်ချသွားသူက နိုင်ငံတကာ ကလေးစစ်သားအဖွဲ့အား ပြောပြသည်။

> “ကျွန်တော် ကေအိုင်အေကို (၂၀၁၃ ခုနှစ် နွေတုန်းက) နမ့်လင်းပါ မှာ အသက် ၁၆ နှစ်အရွယ်မှာ ကိုယ့်ဘာသာဝင်ခဲ့တယ်... ကျွန်တော်နဲ့ သူငယ်ချင်း ၅ ယောက် အတူတူဝင်ကြတယ်။ ကျွန်တော်တို့ ရွာမှာ စောင့်နေတဲ့ စစ်သားကို ချဉ်းကပ်ကြတယ်။... သူတို့ကျွန်တော့် အသက်ကို မေးပေမယ့် ဘာပြဿနာမှ မရှိခဲ့ပါဘူး။”[48]

ကချင် ကူညီရေး လုပ်သား တဦးက ကေအိုင်အေ၏ အသက်မပြည့်သေးသော ဆန္ဒအလျောက် ဝန်ရောက်သူများအား စဉ်ဆက်မပြတ် လက်ခံနေသည်ကို မှတ်ချက်ပေးသည်။

"မနှစ်တုန်းက မိုင်ဂျာယန်မှာ စစ်သားတကယ်ဖြစ်ချင်တဲ့ (ဒုက္ခသည်) ကလေးတယောက် ကို ကျွန်တော်သိတယ်။ သူက သူ့ဘာသာ ဝင်ထားတယ်။ သူ့မိသားစုတွေ သိတဲ့ အခါ သူတို့က ကေအိုင်အေ စစ်စခန်းကို သွားပြီး သူ့ကို ပြန်လွှတ်ပေးဖို့ တောင်းခဲ့တယ်။ ကေအိုင်အေက သဘောတူခဲ့ပေမယ့် ကလေးက ဆက်နေဖို့ တောင်းပန်တယ်။ ဒါကြောင့် အားလုံးက သူ့ကို တပ်ထဲဝင်ခွင့် ပေးလိုက်ကြတယ်။ … ပုံမှန်အားဖြင့် ကေအိုင်အေက မိသားစုထက် ကလေးကို ပိုပြီးနားထောင်တယ်။ ဘာလို့လဲဆိုတော့ နောက်ဆုံးမှာ သူတကယ် ဝင်ချင်တယ်ဆိုရင် ကလေးကပဲ တပ်ထဲဝင်ဖို့ နည်းလမ်းရှာလာတာဖြစ်တယ်။"[49]

တခြားတဖက်တွင်လည်း နိုင်ငံတကာ ကလေးစစ်သားအဖွဲ့အား မိုင်ဂျာယန် အနီးရှိ ဘော်ဒါကျောင်းမှ ကျောင်းဆရာတဦးက ပြောပြသည်။

"ကျွန်တော်တို့ကျောင်းကို မကြာသေးခင်ကတင် ရောက်လာတဲ့ ယောကျာ်းလေးတယောက် ကေအိုင်အေထဲ ကိုယ့်ဘာသာ ဝင်ဖို့ကြိုးစားခဲ့ တယ်။ ဒါပေမယ့် သူက အသက် ၁၃ နှစ်ဖြစ်ပြီး သိပ်ငယ်နေတော့ ကေအိုင်အေက ကျွန်တော်တို့ဆီကို ပို့လိုက်တယ်။ သူက သူ့ဘာသာ ဝင်ရောက်ခဲ့ပေမယ့် ကေအိုင်အေက လက်မခံခဲ့ဘူး။ သူတို့က သူ့အနေနဲ့ ကျောင်းပြီးသွားရင် လက်ခံမယ်လို့ ပြောခဲ့တယ်။… ဒီနေရာမှာတော့ အတင်း စစ်သားစုဆောင်းမှာကို မပူရဘူး။ ဘာလို့လဲဆိုတော့ အားလုံးက ကျောင်းသားတွေ ဖြစ်နေလို့ပါ။"[50]

အများအားဖြင့် အသက် ၁၇ နှစ်ပတ်ဝန်းကျင်ရှိသော အချို့မှာ ၁၆ နှစ်အရွယ် အချို့ကလေးများသည် ကေအိုင်အေ ထောက်ပံ့ထားသော စစ်တပ် ပညာရေး ကျောင်းများတွင် လျောက်ထား တက်ရောက်ကြပြီး ယင်းနေရာများတွင် လက်နက်ငယ် သင်တန်း ရရှိကြပြီး စစ်သင်တန်း ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ကြသည်။ (အောက်တွင် ဖော်ပြထားသော ကေအိုင်အေ ထောက်ပံ့ထားသော စစ်တပ် ပညာရေးတွင်ကြည့်)

ကလေးများအား ကေအိုင်အေသို့ သူတို့၏ မိဘများကိုယ်တိုင်က အကျင့်စာရိတ္တပြုပြင်ရေး ပုံစံဖြင့် ပို့ဆောင်ကြသည်များလည်း ရှိသည်။ (အောက်တွင်ဖော်ပြထားသော "ပြုပြင်ရေး" စုဆောင်းမှုတွင်ကြည့်)။

နောက်ဆုံးအနေနှင့် ကျောင်းမနေသည့် ကလေးများနှင့် ရာဇဝတ်မှုခင်း သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲသည့် အပြုအမူများ ရှိသည့် ကလေးများကို ကေအိုင်အေ စစ်သားစုဆောင်းသူများက ပစ်မှတ်ထားပြီး စုဆောင်းခြင်းများ ရှိကြောင်းလည်း သိရသည်။ (အောက်တွင်ဖော်ပြထားသော ပစ်မှတ်ထား အတင်းအဓမ္မ စုဆောင်းမှု တွင်ကြည့်။) ကျောင်းတက်ရန် ပျက်ကွက်သော ကလေးများအား စစ်သားစုဆောင်းခြင်းသည် ကေအိုင်အေ အတွင်းရှိ ကလေးစစ်သားများတွင် ဒုတိယ အများဆုံး အမျိုးအစားအဖြစ် ရှိနေပြီး မိမိဆန္ဒသဘောအလျောက် ဝင်ရောက်သူများမှာ အများဆုံးဖြစ်သည်။

## ကေအိုင်အေ ထောက်ပံ့ထားသော စစ်တပ် ပညာရေး

ကလေးများအတွက် ပညာရေးနှင့် အလုပ်လုပ်ခွင့် အခွင့်အလမ်း အကန့်အသတ်ပေါ်တွင် ကေအိုင်အိုနှင့် ကေအိုင်အေသည် အထူးပညာရေး နှင့် သင်တန်း အစီအစဉ် အများအပြားကို ဖွဲ့စည်းထားခဲ့ပြီး ယင်းတို့တွင် ကလေးများအတွက် အသက်မွေးမ်းကျောင်းသင်တန်းများနှင့် ကေအိုင်အိုနှင့် ကေအိုင်အေတွင် အမှုထမ်းခွင့် လမ်းကြောင်းများကို ပေးထားသည်။[51] သင်တန်းများတွင် အစဉ်တစိုက် တောင်းဆိုမှု ရှိနေသော ဆရာဝန်များ၊ သူနာပြုများ၊ အရပ်ဖက်ဝန်ထမ်းများနှင့် စစ်သားများ ကဲ့သို့ လူထု ဝန်ဆောင်မှု အသက်မွေးဝမ်းကျောင်းများ ပေးထားပြီး ကေအိုင်အေ နှင့် ကေအိုင်အိုက အပြည့်အဝ ထောက်ပံ့ထားသည်။[52]

"တာဝန်ထမ်းရင်း လေ့လာ" အစီအစဉ်သည် ကေအိုင်အေမှ စုဆောင်းထားပြီး စစ်သား ဖြစ်လာမည့် ကလေးများအား သို့မဟုတ် ကေအိုင်အိုမှ စုဆောင်းထားပြီး အရပ်ဖက် ဝန်ထမ်းများဖြစ်လာမည့် ကလေးများအား ဘော်ဒါကျောင်းများတွင် သူတို့၏ ပညာရပ်ဆိုင်ရာ သင်ကြားမှုများ ပြီးဆုံးသည်အထိ ကေအိုင်အေ/ကေအိုင်အိုက ကုန်ကျစားရိတ်များကို ကျခံသည်။[53] ယင်းတို့သည် စစ်ဖက်ဆိုင်ရာနှင့် စစ်ဖက်မဟုတ်သော အစီအစဉ်များ ရောနှောနေသည်။ နိုင်ငံတကာ ကလေးစစ်သားအဖွဲ့က ယင်း အစီအစဉ်များတွင် ပါဝင်သော ကလေးအချို့ကို ကေအိုင်အေက တရားဝင် စုဆောင်းထားခြင်းဖြစ်ကြောင်း တွေ့ရပြီး ဝန်ထမ်းနံပတ်များ [54] ရရှိထားပြီး အချို့သော ဖြစ်ရပ်များတွင် ကေအိုင်အေ၏ စံချိန်ဖြစ်သော ရက် ၉၀ အခြေခံ သင်တန်းကို တက်ရောက်ပြီးစီးပြီး ဖြစ်ကြသည်။ တဖက်တွင်လည်း အခြားသူများသည် အမှုထမ်း နံပတ် မရှိ သို့မဟုတ် မည်သည့် သင်တန်းမှ တက်ရောက်ဖူးခြင်း မရှိသော်လည်း "လေ့ကျင့်ရင်း သင်ယူ" အစီအစဉ်တွင် ပါဝင်ရန် ကတိကဝတ်ပြု လက်မှတ်ရေးထိုးထားကြသည်။[55] ယင်းကလေးများသည် ကေအိုင်အေ သို့မဟုတ် ကေအိုင်အို လူထုဝန်ဆောင်မှုတွင် စိတ်ဝင်စားကြောင်း ဖော်ပြထားကြပြီး သူတို့ သင်ယူမှု ပြီးဆုံးလျှင် ဝင်ရောက်ကြမည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် ယင်းကတိကဝတ်ကို အပြစ်အပေး အရေးယူခြင်းဖြင့် ချည်နှောင်ထားပုံ မရပဲ ကေအိုင်အေ သို့မဟုတ် ကေအိုင်အို အရာရှိများက စောင့်ကြည့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကို မတွေ့ရပေ။

နိုင်ငံတကာ ကလေးစစ်သားအဖွဲ့က "အမှုထမ်းရင်း လေ့လာ" အစီအစဉ်တွင် ပါဝင်သော အသက် ၁၆ နှစ်အရွယ် ယောက်ျားလေး တဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ သူ၏ အစဉ်တစိုက် သဘောဆန္ဒအလျောက် စစ်မှုထမ်းခွင့်ပြုရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း သူအား စစ်သင်တန်း တက်ရောက်ခွင့် ငြင်းပယ်ခံရသည်။ သူ့အား ကျောင်းတက်ရန် ညွှန်ကြားခဲ့ပြီး "အမှုထမ်းရင်း လေ့လာ" အစီအစဉ်တွင် ကေအိုင်အေက ကျောင်းလခကို ပေးခဲ့သည်။ သူက ၁၀ တန်း အောင်သည်ဖြစ်စေ သို့မဟုတ် အကြိမ်ကြိမ် ကျရှုံးသည် ဖြစ်စေ (အသက်အရွယ်နှင့် မဆိုင်ပဲ) သူ့အား စာရင်းသွင်းထားသူအဖြစ် လက်ခံနိုင်သည်။ သူက ပြောပြ ခဲ့သည်။

> "ကျွန်တော် ကေအိုင်အေ စစ်သားဖြစ်ဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော် အခု စစ်သား စာရင်းသွင်းထားသူအနေနဲ့ စာသင်နေတယ် (ဘော်ဒါကျောင်းတွင်) စစ်စခန်းမှာရှိတဲ့ အရာရှိက ကျွန်တော် ပြန်မလာခင် ကျွန်တော် ကျောင်းပြီးအောင် သင်ခဲ့ဖို့ မှာလိုက်တယ်။ သူက ကျွန်တော် တတ်နိုင်သလောက် နဲ့ ကျွန်တော် ရောက်နိုင်တဲ့ အမြင့်ဆုံး အတန်းကို ရောက်အောင် ကြိုးစားသင်ယူဖို့ မှာလိုက်တယ်။ ကျွန်တော် စာသင်နေသမျှ ကုန်ကျစားရိတ်ကို ကေအိုင်အေက

> ပံ့ပိုးပေးမယ်။ ကျွန်တော် ၁၀ တန်းကို သုံးခါ ကျခဲ့ရင် ကျွန်တော် စာဆက်သင်ဖို့ မလိုတော့ပဲ ကျွန်တော့်ရဲ့ စစ်စခန်းကို ပြန်ရမယ်။ … ကျွန်တော် ဆရာမဆီသွားပြီး ပြောပြတယ်။ ကျွန်တော် "အမှုထမ်းရင်း သင်ယူ" အစီအစဉ်မှာ ပါချင်တယ်လို့။ အဲဒီနောက် ကျွန်တော် ပုံစံတခုမှာ အမည်၊ လိပ်စာနဲ့ ကိုယ်ရောက်ရှိလိုတဲ့ အတန်းတွေ ဖြည့်ပြီး လက်မှတ်ထိုးရတယ်။ ကျွန်တော် ကေအိုင်အေထဲဝင်ပြီးတော့ မိဘတွေကို ပြောပြဖို့ ကြောက်နေတယ်။ အမေက သဘောမတူဘူး ဒါပေမယ့် အဖေကတော့ ဒီစဉ်းစားချက်ကို ထောက်ခံတယ်။ သူက ကေအိုင်အေ အနေနဲ့ လူငယ်လူသစ်တွေကို စာသင်ဖို့ခွင့်ပြုတယ်ဆိုတာ သိထားတယ်။ ဒါကြောင့် သူက ဒါဟာ ကျွန်တော့်အတွက် ကောင်းတဲ့ အစီအစဉ်ဖြစ်တယ်လို့ သဘောတူတယ်။"[56]

စစ်တပ်ဘော်ဒါကျောင်း မဟုတ်သည့် ပြင်ပတွင်လည်း ကလေးများအတွက် ပညာရေး အခွင့်အလမ်းများ ရှိသည်။ ဗိုလ်သင်တန်းကျောင်း၊ ကေအိုင်အေ ကဒက် ကျောင်းနဲ့ ပြန်တမ်းဝင်မဟုတ်သော အရာရှိ (NCO) သင်တန်းကျောင်း အစီအစဉ်များက စစ်သားဖြစ်လိုသော ကလေးများကို ၁၀ တန်း ထက် ပို၍သို့မဟုတ် ၁၀ တန်းနှင့် အညီသင်ကြားခွင့်ပြုသည်။[57] လက်ရှိတွင် မည်သည့် အစီအစဉ်တွင်မျှ ကလေးပါဝင်သည်ကို မတွေ့ရပါ။ သို့ရာတွင် OTS သည် အသက် ၁၆ နှစ်နှင့် ၁၇ နှစ် အရွယ် ကျောင်းသားများကို ယခင်က လက်ခံခဲ့သော်လည်း ယခုအခါ ၁၀ တန်းအောင်သွားကြပြီ ဖြစ်သည်။[58]

မြန်မာ တပ်မတော် ကာကွယ်ရေး တက္ကသိုလ် (DSA) ကို မူလက ပုံစံယူထားသော OTS သည် အမြင့်ဆုံး ခေါင်းဆောင်မှု အလားအလာရှိသူများအတွက်သာ ရည်ရွယ်ထားသော အဆင့်မြင့် သင်တန်းကျောင်းဖြစ်သည်။ ဤအဆင့်မြင့် စစ်ကျောင်းအတွက် ၁၀ တန်းအောင် ကျောင်းသားများကိုသာ ရွေးချယ်ပြီး ဝင်ခွင့် လုပ်ငန်းစဉ်တွင် မြင့်မားစွာ ရွေးချယ်မှု ရှိသည်။ အောင်မြင်သော OTS လျှောက်ထားသူများသည် ကေအိုင်အေ နှစ်ပွင့် ဗိုလ်ကြီးအဖြစ် တာဝန်မပေးအပ်မီ ၂ နှစ် လေ့လာသင်ကြားကြရသည်။ ကျောင်း၏ မူဝါဒနှင့် အညီ OTS ကျောင်းသား အများစုမှာ အသက် ၁၈ နှစ်နှင့် အထက်များ ဖြစ်ကြသည်။ သို့ရာတွင် အသက် ၁၈ နှစ်မပြည့်သော ၁၀ တန်းအောင် ကျောင်းသားများကိုလည်း လက်ခံသည်။ OTS ကျောင်း ဒါရိုက်တာက OTS ကျောင်းသမိုင်းကျောင်းတလျှောက်တွင် အသက်မပြည့်သေးသော ကျောင်းသား ၁၀ ယောက်ပြည့်အောင် လက်ခံဖူးခြင်း မရှိသေးကြောင်း နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ကို ပြောပြသော်လည်း ယင်းကို စီစစ်ရန်မှာ မဖြစ်နိုင်ပါ။ OTS ကျောင်းသားများသည် အမျိုးသား ဆောင်။ အမျိုးသမီးဆောင်များ ခွဲ၍ လိုင်ဇာ အပြင်ဖက် ကျောင်း ပရဝုဏ်အတွင်း နေထိုင်ကြပြီး နေ့စဉ် စစ်ဖက်ဆိုင်ရာ သင်ခန်းစာပို့ချချက်များနှင့် ကွင်းပြင် စစ်ရေး လေ့ကျင့်မှု များကို လုပ်ဆောင်ကြသည်။ ဗိုလ်လောင်းများကို OTS ကျောင်းတွင် ရှိနေစဉ်အတွင်း ကေအိုင်အေ စံချိန် ရိုင်ဖယ် သေနတ်များ ထုတ်ပေးထားသည်။

## "ပြုပြင်မှု" စစ်သားစုဆောင်းရေး

ကေအိုင်ကေ က အချို့သော ကလေးများကို အကာအကွယ် ပေးသည့် အနေနှင့် စုဆောင်းထားရခြင်းဖြစ်ကြောင်း အကြောင်းပြသည်။ နိုင်ငံတကာကလေးစစ်သား အဖွဲ့သည် မိဘများ၊ လူထု အသိုင်းအဝိုင်းများနှင့် ဒေသခံ ကေအိုင်အို အာဏာပိုင်များက ကလေးများ၏ ဆန္ဒကို ဆန့်ကျင်လျက် ကေအိုင်အေသို့ ပေးပို့ကြောင့် အချက်အလက်များ ရရှိထားပြီး အချို့ဖြစ်ရပ်များတွင် မိဘများ၏

သဘောဆန္ဒကို ဆန့်ကျင် ပေးပို့သည်များလည်း ရှိသည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ကို အသက် ၁၄ နှစ်အရွယ် ကေအိုင်အေ စစ်သား တယောက်က ပြောပြသည်။

> "ကျွန်တော် မိသားစုနဲ့ နေတုန်းက အရက် အရမ်းသောက်တယ်၊ ဆေးလိပ်အရမ်းသောက်တယ်။ ဒါကြောင့်လည်း ကျွန်တော့် မိဘတွေက ကျွန်တော်ကို ကေအိုင်အေ (စခန်းကို) ပို့လိုက်တယ်။ ပထမဆုံးတော့ သူတို့က (ရှမ်းပြည်မှာရှိတဲ့) ကျွန်တော့်ကို ကျွန်တော့်ဦးလေးအိမ်ကို ပို့ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ကျွန်တော်က ဆက်ပြီး အရက်သောက် ဆေးလိပ်သောက်နေတော့ ကျွန်တော့်ကို ဒီကို ပို့တာ အကောင်းဆုံးပဲလို့ သူတို့ ဆုံးဖြတ်လိုက်ကြတယ်။... သူတို့က ကျွန်တော့်ကို ကောင်းကောင်းနေဖို့ ပြောတယ်။ သူတို့က ကျွန်တော့်ကို ဒီမှာ နလံပြန်ထူဖို့ ပြောတယ်။"[59]

ယင်းဖြစ်ရပ်များတွင် ကေအိုင်အေသည် စည်းကမ်းပျက်နေသော သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲနေသော သို့မဟုတ် အခြား ရာဇဝတ်ပြစ်မှုများ ကျူးလွန်သော ကလေးများ၏ ဘဝများတွင် ပြုပြင်ရေး အခန်းကဏ္ဍမှ တာဝန်ယူလုပ်ကိုင်နေသည်ဟု မြင်ရသည်။ ကချင် ပညာရှင် တဦးက နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သို့ ပြောသည်။

"မိဘတွေက သူတို့ ကလေးတွေကို ထိန်းရခက်တဲ့ အခါ ဒါမှမဟုတ် အကျင့် မကောင်းတဲ့အခါ သို့မဟုတ် အလယ်တန်း ဒါမှမဟုတ် အထက်တန်း ကျတဲ့ အခါတွေမှာ ကေအိုင်အေကို ပို့ကြတယ်။ မိသားစုမှာ ကောင်းမွန်စွာ ပြုမူခြင်းမရှိသော ကလေးများကို ကေအိုင်အေသို့ ပို့ဆောင်ပြီး စည်းကမ်းနှင့် နေထိုင်စားသောက်မှုဘဝ အတွက် သင်ကြားပေးလိမ့်မည်ဟု မျှော်လင့်ကြတယ်။ အဲဒါက အမြဲတမ်းပဲ ဖြစ်နေတယ်။ ကိုယ့်ကလေးကို မထိန်းသိမ်းနိုင်တဲ့ မိဘတွေအတွက် ကေအိုင်အေက အကာအကွယ် တခုလို ဖြစ်နေတယ်။"[60]

ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူနှင့် တွဲဖက် အထွေထွေ အတွင်းရေးမှူး ဆလန်ကဘာ ကွမ်ထက် လနန်က နိုင်ငံတကာ ကလေးစစ်သားအဖွဲ့အား ကေအိုင်အေ စစ်စခန်းများတွင် အသက်၁၈ နှစ်အောက် ကလေးများ ရှိကြောင်း ဝန်ခံခဲ့သည်။

> "အခုအခါ တချို့ကလေးတွေက ကေအိုင်အေ စခန်းတွေမှာ နေပါတယ်။ ... တချို့ဖြစ်ရပ်တွေမှာ မိသားစုတွေအနေနဲ့ သူတို့ရဲ့ ကလေးတွေကို ထောက်ပံ့တာတွေ အကာအကွယ်ပေးတာတွေ မလုပ်နိုင်တော့ သူတို့က ကေအိုင်အေကို ပို့တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က သူတို့အတွက် ကောင်းကောင်းမွန်မွန် လုပ်ပေးခဲ့တာကို တွေ့ထားခဲ့လို့ပါ။ ကလေးတွေကို စခန်းမှာ ဝင်ခွင့်ပြုပြီး သူတို့ရဲ့ ပညာရေးကို ထောက်ပံ့နိုင်ဖို့ ကြိုးစားပါတယ်။... စစ်စခန်းတွေ မှာ ကလေးတွေ အများအပြား ရှိနေပေမယ့် သူတို့ တွေ ကျောင်းလည်း တက်နေကြပါတယ်။ သူတို့ အသက် ၁၈ နှစ်ပြည့်တဲ့ အခါမှာ သူတို့ အနေနဲ့ စစ်တပ်ထဲမှာ အမှုထမ်းချင်တယ်ဆိုရင်လဲ ကျွန်တော်တို့က သူတို့နဲ့ သင့်တော်မယ့် နေရာတွေကို စီစဉ်ပေးပါတယ်။ ကျွန်တော်တို့မှာ

အသက်မပြည့်သေးတဲ့သူတွေကို မစုဆောင်းတဲ့ မူဝါဒရှိပါတယ်၊ ဒါပေမယ့်လဲ အဲဒါက အခြေအနေ အမျိုးမျိုး အပေါ် မူတည်နေတယ်။ အချို့ဖြစ်ရပ်တွေမှာ ကျွန်တော်တို့ သူတို့ကို လက်ခံရပြီး စစ်တပ်မှာ နေခွင့် ပေးရပါတယ်။ ... ကချင် လူငယ်တွေ အများကြီး ကေအိုင်အေထဲ ဝင်လာကြတယ်။ ရိုးရိုးသားသား ပြောရရင် သူတို့ကို ကူညီဖို့ ကျွန်တော်တို့မှာ ဝန်ထုပ်ဝန်ပိုး မကြီးလှပါဘူး။ သူတို့ ကျွန်တော်တို့ဆီလာတာကို ကျွန်တော်တို့ မစိုးရိမ်ပါဘူး။ ကျွန်တော်တို့ အဓိက စဉ်းစားတာကတော့ ဒီ တော်လှန်ရေး အလုပ်ကို ရှေ့ကို ရောက်အောင် အတူတူဘယ်လို သယ်ဆောင်သွားမလဲ ဆိုတာ ဖြစ်ပါတယ်။ ဒီဝန်ထုပ်ဝန်ပိုးက သူတို့ကို မကူညီနိုင်လောက်အောင် မကြီးမားလှပါဘူး။”[61]

## ရွေးချယ်သတ်မှတ်ပြီး အတင်းအဓမ္မ စစ်သား စုဆောင်းခြင်း

နိုင်ငံတကာ ကလေးစစ်သားအဖွဲ့မှ စုဆောင်းသော သတင်းအချက်အလက်များက ကျောင်းမတက်သူများနှင့် ရာဇဝတ်မှု ကျူးလွန်သူ သို့မဟုတ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သူများကို ကေအိုင်အေ စစ်သားစုဆောင်းသူများက ရွေးချယ်ပစ်မှတ်ထားကြကြောင်း ဖော်ပြနေသည်။ ကျောင်းနေသော ကလေးများသည် အတင်းအဓမ္မ စစ်သားစုဆောင်းခံရရန် အလှမ်းဝေးသည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အနေနှင့် ကျောင်းများသည် ကျောင်းပျက်ကွက်သော ကလေးများ၏ အချက်အလက်များကို ကေအိုင်အေအား ဝေမျှခြင်းရှိမရှိ မစီစစ်နိုင်ခဲ့ပါ။

ကေအိုင်အေက အတင်းအဓမ္မ စစ်သား အဖြစ် စုဆောင်းခဲ့သူ ၁၅ နှစ်ရွယ် ၏ မိသားစုဝင်တစ်ဦးက နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ပြောပြခဲ့သည်။

“ကျွန်တော့် တူက ၇ တန်းအောင်တယ်။ ဒါပေမယ့် သူက မိဘကို ကူညီဖို့လိုအပ်တော့ ကျောင်းဆက်မတက်နိုင်ဘူး။ သူတို့ ကျောင်းလခ ပေးဖို့ အခက်အခဲတွေ့တယ်။ ဒါကြောင့် သူက အိမ်မှာ နေရင် ပိုကောင်းတယ်။ (ကေအိုင်အေ) က သူ့ကို စုဆောင်းရေး ဆွဲတယ်၊ ဘာလို့လဲဆိုတော့ သူက ကျောင်းထွက်သွားသလို ဖြစ်လို့... အဲဒီအချိန်ကို ပြန်ကြည့်ရင် သူက တော်တော် ငယ်သေးတယ်။ ပြီးတော့ သူက တော်တော်သေးတယ် သူ့ကိုယ်လုံးက ကလေးလိုပဲ ရှိသေးတယ်။... စစ်သားတွေ တံခါးပေါက်ကို ရောက်လာပြီး သူကိုမေးတဲ့အခါ သူ့ပအမေက နောက်တနေ့မှာ သူ့ကို ပို့ပေးဖို့ သဘောတူတယ်။ ဒါပေမယ့် စစ်သားတွေက သူ့ကို သူတို့နဲ့ အတူ တခါထဲ လိုက်သွားဖို့ ပြောတယ်။ သူတို့က သူ့ကို နောက်တနေ့ ပြန်ပို့ပေးမယ်လို့ ပြောတယ်။ သူမသွားခင်မှာ သူ့အမေက သူ့အဝတ်အစားတွေတောင် ထုပ်ပိုးပေးလိုက်ဖို့ အချိန်မရလိုက်ဘူး။ အဲဒီနောက်တော့ သူဘယ်တော့မှ ပြန်မလာတော့ဘူး။... ရွာလူကြီးနဲ့ သူတို့ရွာခွဲက ရွာသားတွေက သူ့ကလေးအကြောင်း စစ်သားတွေကို အကြောင်းကြားတယ်။ သူမှာ ဘာမှ မလုပ်နိုင်ဘူး။ အခုတော့ သူက သူ့ဘာသာ ရပ်တည်ဖို့ ရုံးကန်နေရတယ်။ အငယ်ဆုံး သားက အခုမှ မူလတန်းကျောင်းသားပဲ ရှိသေးတယ်... ဒီလိုမျိုးတွေ ကလေးငယ်တွေ အများကြီးကြုံရတယ်။”[62]

မိုင်ဂျာယန် အနီးက ဘော်ဒါကျောင်းမှ ကျောင်းဆရာတစ်ဦးက နိုင်ငံတကာ ကလေးစစ်သားအဖွဲ့ကို ပြောပြသည်။

"ကေအိုင်အေအနေနဲ့ ဘယ်ကလေးဟာ အနာဂတ်မှာ ထူးထူးချွန်ချွန် ပညာသင်ကြားနိုင်မယ်ဆိုတာ သုံးသပ်တယ်။ အနာဂတ်အတွက် ပညာရေး အလားအလာမရှိတဲ့ ကလေးတွေမှာ အန္တရာယ် ပိုရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့က လူထုအတွက် စစ်သားအဖြစ်နဲ့က ပိုအသုံးဝင်လို့ပဲ။ ဒီလို စဉ်းစားချက်က သူတို့ကို သူပုန်လေးတွေ နဲ့လူ့အဖွဲ့အစည်းအတွက် အသုံးမကျတဲ့သူတွေ မဖြစ်အောင် တားဆီးပေးတယ် …"[63]

## 4.2 စစ်သား စုဆောင်းရေး အချိုး၊ စာရင်းများနှင့် "အမှုထမ်းရန် ဆင့်ခေါ်ခြင်း"

ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူ ဆလန်ကဘာ ကွမ်ထက် လနန်က ကေအိုင်အေအနေနှင့် စစ်သားစုဆောင်းရေးအတွက် အချိုးကျ စနစ်ကို ကျင့်သုံးသည် ဆိုသည်ကို ငြင်းဆိုသည်။[64] အလေ့အထကို ကေအိုင်အေက ငြင်းဆိုစဉ်မှာပဲ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က စစ်သား စုဆောင်းရာတွင် ပါဝင်သော ရာထူးငယ် စစ်သားများနှင့် အဆင့်မြင့် ကေအိုင်အေ အရာရှိများအား လျှို့ဝှက် တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ရာတွင် ၁၉၆၀ ခုနှစ်များအတွင်းက စ၍ ကေအိုင်အေသည် တရားမဝင်သော်လည်း ဓလေ့ထုံးတမ်း စည်းမျဉ်းအနေနှင့် "တအိမ်ထောင် တယောက်" အချိုးဖြင့် စစ်သား စုဆောင်းခဲ့ကြောင်း ပြသနေသည်။ လိုင်ဇာမှ ကေအိုင်အေ ကျောင်းသား သင်တန်းသားဟောင်း တစ်ဦးက နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ကို ပြောပြသည်။

> "ကေအိုင်အေက ဒီမှာ စည်းမျဉ်းရှိတယ်။ သူတို့က ကေအိုင်အေ နယ်မြေမှာ နေတဲ့သူတွေ အားလုံးကို မိသားစု တစ်ခုကို တယောက်တပ်ထဲကို ပို့ရမယ်။ ကေအိုင်အေ စစ်သား မလုပ်ချင်ရင် ရွေးချယ်လို့ရတယ် ဒါပေမယ့် ခင်ပျားအနေနဲ့ ကေအိုင်အိုမှာ တာဝန်ထမ်းရမယ်။ နောက်ဆုံးတော့ ကေအိုင်အေအတွက် အလုပ်လုပ်ပေးရမယ်။"[65]

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က စုဆောင်းရရှိတဲ့ သတင်းအချက်အလက်များက ကေအိုင်အေ စစ်သားများသည် ကေအိုင်အို အုပ်ချုပ်ရေး ဝန်ထမ်းများက မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တွင် လက်ရှိ ဆက်လက်လုပ်ဆောင်နေဆဲ အချက်အလက် ကောက်ယူရေး ကြိုးပမ်းမှုအဖြစ် အိမ်ထောင်စုဝင်များနှင့် သူတို့၏ အသက်များ ပါသော "စာရင်း" တစ်ခုကို ကြည့်ရှုနိုင်ကြောင်း ဖော်ပြနေသည်။ ကချင် ကူညီရေး လုပ်သား တစ်ဦးက နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ပြောပြသည်။

> "ကေအိုင်အေမှာ အိမ်ထောင်စုတိုင်းနဲ့ အိမ်ထောင်စုဝင်တွေနဲ့ အသက်တွေရဲ့ အချက်အလက်တွေပါတဲ့ စာရင်းတစ်ခုရှိတယ်။ ဒုက္ခသည် (IDP) စခန်းတွေမှာလည်း အဲဒီလိုပဲ။ ကေအိုင်အေက သူတို့ ခေါ်ချင်တဲ့လူကို အချိန်မရွေးခေါ်နိုင်တယ်။ နောက်ပြီး သူတို့ကို ဘယ်မှာ ရှာရမယ်ဆိုတာ သိတယ်။ မည်သည့် မိသားစုမျှ ဤသို့သော စစ်သားစုဆောင်းမှုကို ရှောင်လွှဲ၍ မရဘူး။ ဘာလို့လဲဆိုတော့ သူတို့နယ်မြေမှာရှိတဲ့ လူတိုင်းရဲ့ စာရင်း ကေအိုင်အေမှာ ရှိတယ်။ ခင်ဗျားကို ခေါ်တဲ့အခါ ဝင်ဖို့ အဆင်သင့် မဖြစ်သေးဘူးဆိုရင် ကိုယ့်ရဲ့ အခြေအနေတွေကို

ရှင်းပြလို့ရတယ်။ ဒါပေမယ့် သူတို့က ခင်ဗျားကို လွှတ်ပေးဖို့တော့ ရွေးချယ်မှာ မဟုတ်ဘူး။... ခင်ဗျားရဲ့ နာမည်ပါတဲ့ စာရင်း ကေအိုင်အေမှာ ရှိပြီးတာနဲ့ ခင်ဗျားအနေနဲ့ သူတို့ ခေါ်တဲ့ အခါ အနေးနဲ့ အမြန် ဝင်ရမယ်။"[66]

အိမ်ထောင်စု ဝင်များအားလုံး၏ ကိန်းဂဏန်းများအားလုံး စာရင်းတွင် ပါရှိသော်လည်း ကေအိုင်ကေ စစ်သားစုဆောင်းသူများက အသက်မပြည့်သော ကလေးစုဆောင်းမှုကို ကာကွယ်ရန်အတွက် ယင်းအချက်အလက်များကို အစဉ်တစိုက် သုံးစွဲခြင်း ရှိပုံမရပေ။ "မိသားစု တစ်စုလျှင် တယောက်" အချိုးကျ တောင်းဆိုမှု၏ တွန်းအားကြောင့် အောက်ခြေရှိစစ်သားများသည် စာရင်းပါသည်ဖြစ်စေ မပါသည်ဖြစ်စေ တခါတရံတွင် တအိမ်တက်တအိမ်ဆင်း သွားကြပြီး စစ်သားသစ်များကို "ခေါ်ယူ" ကြသည်။ ကေအိုင်အေ ဒုတိယဗိုလ်မှူးကြီး မရမ် ဇော်တောင်က အသက်မပြည့်သော စစ်သားသစ် စုဆောင်းမှုကို တားမြစ်ခြင်းနှင့် အချိုးကျ ကောက်ယူမှုကို ပြည့်ဝအောင် လုပ်ဆောင်ခြင်းအကြားတွင် ဝိရောဓိဖြစ်ရသည်ဟု နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ကို ပြောပြသည်။

"ခိုင်မာတဲ့ စောင့်ကြည့်လေ့လာရေး စံနစ်မရှိတဲ့ အတွက် မူဝါဒ ထုတ်ပြန်တဲ့ အဆင့်နဲ့ အောက်ခြေအဆင့်ကြားမှာ နားလည်မှု လွဲတာတွေ ရှိနိုင်တယ်။ မူဝါဒအရ သတ်မှတ်ထားတဲ့ အချိုးကျ လူဦးရေ တစုံတခုကို တောင်းဆိုမှု ရှိနေတော့ စစ်သားတွေ အနေနဲ့ ဒါဟာ ဖိအားတခုလို့ ခံစားရနိုင်တယ်။ အဲဒီ ဖြစ်ရပ်မှာ အောက်ခြေအဆင့်မှာ အချိုးကျ လူဦးရေ ပြည့်အောင်လို့ အသက်မပြည့်တဲ့ သူတွေကို စုဆောင်းတာမျိုး ရှိနိုင်တယ်။"[67]

တရားဝင် ဆင့်ခေါ်စာများ ရရှိသည့် အစား စစ်သားများ သူတို့ အိမ်သို့ လာရောက်သည့် အခါတွင် ကလေးများသည် ယေဘူယျအားဖြင့် အများဆုံး "ခေါ်ယူခြင်း" ခံကြရကြောင်း သိရသည်။[68] ကလေးက စုဆောင်းမှုကို ငြင်းဆိုလျှင် သို့မဟုတ် တိမ်းရှောင်လျှင် စစ်သားသည် အခြားသော ကေအိုင်အေ/ကေအိုင်အို အရာရှိများနှင့် မိသားစုအား အင်အားဖြည့်တင်းပြီး ဖိအားပေးသကဲ့သို့ (တခါတရံတွင် အမျိုးသားရေး ဖော်ပြချက်များ နှင့်/သို့ ရက်ရွှံ့ဖွယ် ခြိမ်းခြောက်ခြင်း) နှင့် ကလေးအား ယင်းတို့နှင့် အတူလိုက်ပါရန် အင်အားအသုံး ပြုသည် (လူအုပ်စုဖြင့် ဖိအားပေးခြင်း လုပ်ငန်းစဉ်အဖြစ် အသိများသည်)။ အသက်မပြည့်သေးသော စစ်သားသစ် စုဆောင်းခံရသူတစ်ဦး၏ ဖခင်က နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ပြောပြသည်။

"[ကေအိုင်အေတွေ] ကျွန်တော့် သားအတွက် လာကြတယ်။ သူ အသက် ၁၅ နှစ် ပြည့်တဲ့ အချိန်မှာပါ။ စစ်သားတွေနဲ့ (ဒေသခံ အရပ်သား ဝန်ထမ်းတွေ) ဟာ သူ့ကို အကြိမ်ကြိမ် လာရှာကြတယ်။ တခါတလေ သူဟာ ထမင်းစားရင်းတန်းလန်းနဲ့တောင် သူတို့နဲ့ မတွေ့အောင် ထွက်ပြေးရတယ်။ ... သူက စုဆောင်းရေး အဆွဲခံရမှာ သိပ်ကြောက်လို့ တခါမှာ ရက်ပေါင်းများစွာ ထွက်ပြေးနေပြီး ပုန်းရှောင်ဖို့အတွက် တောထဲက ဝါးတောတွေထဲမှာ အိပ်ရတယ်။ တခါတလေမှာ သူက တရုတ်ပြည်ဖက်ကိုတောင် ကူးပြီး ပုန်းနေရတယ်။... သူ့အတွက် သူတို့ ပထမဆုံး အကြိမ်လာတုန်းက စစ်သားတွေက အရမ်း ယဉ်ကျေးပြီး သူဘာကြောင့် စစ်ထဲဝင်သင့်တယ်ဆိုတာ ရှင်းပြကြတယ်။ တကြိမ်မှာတော့

စစ်သား နှစ်ယောက် သုံးယောက် အတူတူလာပြီး ကျွန်တော့်သား သူတို့နဲ့ အတူမလိုက်ရင် ကျွန်တော့်ကို စစ်စခန်းကို ခေါ်သွားမယ်လို့ ခြိမ်းခြောက်တယ်။ နောက်ဆုံးတော့ ကျွန်တော့်သားက လက်လျော့လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး သူတို့ထဲ ဝင်လိုက်တယ်။ ဘာလို့လဲဆို ဒါဟာ ကျွန်တော်တို့ မိသားစုအတွက် အကောင်းဆုံး ဖြစ်လို့ပါ။ ဒီလိုမျိုး အမြဲလာနေပြီး အမြဲတမ်း ကြောက်နေရတာ ကျွန်တော်တို့ မိသားစုအတွက် မကောင်းပါဘူး။ ... ဒါဟာ ကျွန်တော်တို့ရွာက ကလေးတွေ အများအပြားအတွက် ဖြစ်ရပ်မှန် ဖြစ်ပါတယ်။"[69]

## 4.3 အမျိုးသား အမှုထမ်းခြင်းအား မိတ်ဆက်ခြင်း

၂၀၀၈ ခုနှစ်က စတင်ခဲ့သော အမျိုးသား အမှုထမ်း အစီအစဉ်သည် ကေအိုင်အေ နယ်မြေအတွင်း နေထိုင်ကြသော အသက် ၁၈ နှစ်မှ ၆၀ အတွင်း ယောကျ်ား-မိန်းမ အားလုံး မလုပ်မနေရ လူထု (စစ်ဖက်နှင့် အရပ်ဖက်) အမှုထမ်းဆောင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ စေတနာ့ဝန်ထမ်း ၁၀၀ နီးပါး ပါဝင်သော အမျိုးသား အမှုထမ်းခြင်း ပထမ နှစ်သုတ် (စစ်ရေးနှင့် စစ်ရေး မဟုတ်သော) စုဆောင်းထားသူများအတွက် သင်တန်းကို ၂၀၁၄ ခုနှစ် မေလတွင် စတင်ခဲ့သည်။[70] ကေအိုင်အေက ယင်း အမှုထမ်းခြင်းကို မလုပ်မနေရ သတ်မှတ်ထားသော်လည်း လက်ရှိ ပါဝင်သူအားလုံးသည် အထက်တွင် ဖော်ပြထားသော ပုံမှန် စာရင်းသွင်းမှု လုပ်ငန်းစဉ်မှ တဆင့် မိမိတို့ ဆန္ဒ သဘောထားအလျောက် ပါဝင်ပုံ ရသည်။[71]

ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူက အမျိုးသား အမှုထမ်းခြင်း သည် အသက် ၁၈ နှစ်နှင့် အထက်လူပုဂ္ဂိုလ်များကိုသာ လွှမ်းခြုံမှုရှိကြောင်း နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သို့ ပြောပြသည်။

> "ရည်ရွယ်ချက်ကတော့ အသက် ၁၈နှစ် ကျော်တဲ့ သူတွေကို ကျွန်တော်တို့ တိုင်းပြည်အတွက် နှစ်နှစ် တာဝန်ထမ်းဆောင်ဖို့ အားပေးခြင်း ဖြစ်ပါတယ်။ ဆိုလိုတာကတော့ တိုက်ခိုက်ရေး တာဝန်တွေသာ မဟုတ်ပဲ သူတို့နဲ့ သင့်လျော်တဲ့ တာဝန်တွေကို ချထားပေးဖို့ ဖြစ်ပါတယ်။ သူတို့ရဲ့ တာဝန် နှစ်နှစ် ပြည့်တဲ့ အခါ သူတို့ လုပ်ငန်းတာဝန် ကို ဆက်လုပ် တာ ဒါမှမဟုတ် စာပြန်သင်တာမျိုး လုပ်လို့ ရပါတယ်။ ဒါက သူတို့ အပေါ် မူတည်ပါတယ်။ ဒီအစီအစဉ်က ကျွန်တော်တို့ရဲ့ စစ်တပ်အင်အားကို မလျော့သွားစေပါဘူး။ ဒါဟာ ကချင်လူမျိုးတိုင်းကို တော်လှန်ရေးမှာ သူတို့ တတ်နိုင်တာတွေကို လုပ်နိုင်ဖို့ အခွင့်အလမ်း ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါဟာ ကေအိုင်အေကပဲ လုပ်နေတာ မဟုတ်ပါဘူး။ နိုင်ငံ အများအပြားမှာ အလားတူ အစီအစဉ်တွေ ရှိပါတယ်။.. ကျွန်တော်တို့ ဒီအစီအစဉ်အတွက် အသက် ကန့်သတ်ချက်ကို ဆုံးဖြတ်ပြီး ဖြစ်ပါတယ်။ အသက် ၁၈ နှစ်အောက်တွေကို အမှုထမ်းဖို့ အခွင့်ပြုမှာ မဟုတ်ပါဘူး။"[72]

ယင်းပြောဆိုချက်ရှိသော်လည်း နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် အမျိုးသား အမှုထမ်း အစီအစဉ်မှ တဆင့် စစ်သင်တန်းသို့ စုဆောင်းလာခဲ့သည့် ကလေး ခြောက်ယောက်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ အမျိုးသား အမှုထမ်း အစီအစဉ်မှ တဆင့် ကေအိုင်အေအတွက် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခဲ့သော စေတနာ့ဝန်ထမ်း ၁၀၀ ခန့်တွင် နောက်ထပ် အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ် မရှိတော့ဟု ဆိုပါသည်။[73]

# 5. ကလေးများအတွက် သင်တန်းနှင့် တာဝန်ချထားမှု

## 5.1 သင်တန်း

ကေအိုင်အေ တပ်သားသစ်များအတွက် အခြေခံ သင်တန်းသည် ပုံမှန်အားဖြင့် ရက်ပေါင်း ၉၀ ကြာမြင့်ပြီး ကေအိုင်အေ တပ်စခန်း အများအပြားအနက်မှ တခုတွင် ပြုလုပ်သည်။[74] ကေအိုင်အေ သို့ စုဆောင်းလာသော ကလေးအားလုံးသည် ပုံမှန်သတ်မှတ်ထားသော ရက်-၉၀ သင်တန်း ပြီးဆုံးကြသည်။ သင်တန်းကာလအတွင်း သူတို့ကို လူကြီးများကဲ့သို့ ဆက်ဆံသည်။ ဆိုလိုသည်မှာ သူတို့အား သီးသန့် နေရာထိုင်ခင်း စီစဉ်ပေးခြင်း မရှိပဲ ပြင်ပနှင့် တိုက်ရိုက် ဆက်သွယ်ခွင့် သို့မဟုတ် မိသားစုများထံ လည်ပတ်ရန် ခွင့်နှင့် ပျက်ကွက်ခြင်း တို့ကို ခွင့်မပြုပါ။

သင်တန်း ကာလတလျောက်လုံး တပ်သားသစ်များသည် ကိုယ်ခန္ဓာလေ့ကျင့်ခန်း[75] နှင့် အခြားသော လှုပ်ရှားမှုများကို နံနက်စောစောမှ စတင်ပြီး နေ့လည် ထမင်းစားချိန်အထိနှင့် ရံဖန်ရံခါ ပြတ်တောင်းပြတ်တောင်း စစ်ရေးပြမှုများကို တခါတရံတွင် ညနေပိုင်းအချိန်များ အထိ လုပ်ဆောင်ရန် ညွှန်ကြားသည်။ တပ်သားသစ်များသည် ထို့နောက်တွင် ကေအိုင်အေ သင်တန်းဆရာများနှင့် အဆင့်မြင့် အရာရှိများ၏ သင်တန်း ပို့ချချက်များကို ထိုင်၍ သင်ကြားလေ့လာရသည်။[76] သင်တန်း ၄၅ ရက် နောက်ပိုင်းတွင် လှုပ်ရှားမှု တခုချင်းတွင် သစ်သားဖြင့် လုပ်ထားသော သေနတ်ပုံစံတုကို သင်တန်းသားသစ် တဦးချင်းစီက အချိန်ပြည့် ကိုင်ဆောင်ထားရသည်။ သင်တန်း၏ ဤအစိတ်အပိုင်းသည် တိုက်ပွဲ ဆိုင်ရာ စစ်ရေးပြနှင့် လေ့ကျင့်ခန်းများ ပိုမို ပါဝင်သည်။ တပ်သားသစ်များသည် ခက်ခဲသော မြေပြင်အနေအထားများတွင် မည်သို့ အသက်ရှင်နေထိုင်မည်ဆိုသည်နှင့် နည်းဗျူဟာ အနေအထား အမျိုးမျိုး တွင် မည်သို့ ခရီးသွားရသည်တို့ကို စစ်ကြောင်းများနှင့် တိုက်ခိုက်ရေးတို့ အပါအဝင် သင်ကြားရသည်။

တိုက်ပွဲ ပုံစံတူ လုပ်ဆောင်မှုများအတွင် တပ်သားသစ်များသည် တကယ့် သေနတ်ပစ်မှုနှင့် ဖောက်ခွဲရေး အသံများ မြင်ကွင်းများကို မြင်တွေ့ ကြားကြရသည်။ သင်တန်းကို သေနတ် အစစ်ပစ်ခတ်သည့် သင်တန်း နေ့ဖြင့် အဆုံးသတ်ပြီး တပ်သားသစ်များသည် ကေအိုင်အေ ဘရီ သို့မဟုတ် “81”[77] ဟုသိကြသော ကေအိုင်အေ ပုံမှန်သုံး သေနတ်အမျိုးအစားအား ကိုင်တွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း တို့ကို သင်ကြားကြရသည်။ အခြားသော လက်နက်များကို ပစ်ခတ်ခြင်း မပြုရပဲ သင်တန်းအတွင်း ကျည်ဆံ အကန့်အသတ်ကြောင့် “81” ကို ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ခြင်း မရှိပါ။ လက်နက် သင်တန်း အစိတ်အပိုင်းတွင် ကိုယ်တိုင်ပါဝင်သော ပြသနမှု လည်း ပါဝင်ပြီး တပ်သားသစ်များအနေနှင့် ဖြူးစ် မပါသော မြေမြှုပ်မိုင်းများကို ဖြုတ်ကြရသည်။

သင်တန်းသည် ကြမ်းတမ်းပြီး စည်းကမ်း မလိုက်နာနိုင်သော တပ်သားသစ်များသည် လေ့ကျင့်ခန်းများ စစ်ရေးပြများကို ထပ်ကာ ထပ်ကာ လုပ်ရသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ရှိသည်။ ကြီးကြပ်သော စစ်ရဲ အရာရှိများက လူသစ်များအား လက်မောင်းများ၊ ခြေထောက်များနှင့် ခန္ဓာကိုယ်များကို သစ်သားဒုတ်ဖြင့် ရိုက်နက်ကြောင်း သိရသည်။ ကေအိုင်အေမှ ထွက်ပြေးလာသည့် အသက် ၁၇ နှစ်အရွယ်

လူသစ်တဦးသည် သင်တန်းကာလ ၁ လအကြာတွင် သူ မည်သို့ မည်ပုံ ထွက်ပြေးလာသည်ကို နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ပြောပြသည်။

> "သူတို့က ကျွန်တော့်ကို သစ်သားဒုတ်ရှည်နဲ့ ဘာကြောင့်ပဲဖြစ်ဖြစ် ရိုက်တယ်။... အဲဒီမှာ သိပ်ခက်တယ်။...တခါက ကျွန်တော်တို့ ဒိုက်ထိုးတဲ့အခါ အငယ်ဆုံး တယောက် (အသက် ၁၅နှစ်) အကြိမ် ၅၀ မလုပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ (ကေအိုင်အေ သင်တန်းဆရာက) သူ့နောက်ကျောကို ခြေထောက်နဲ့ နင်းထားပြီး သူ့ကို အောက်ကို ဖိချတယ်။ ကျွန်တော်တို့ ဒိုက်ထိုးတာ အကြိမ်ရေ မပြည့်ဘူးဆိုရင် ဒုတ်နဲ့ ၅ ချက်ရိုက်ခံရတယ်။ ညပိုင်းကျတော့ ကျွန်တော်မအိပ်နိုင်ဘူး၊ ပြီးတော့ ဘာမှ လည်း မစဉ်းစားနိုင်ဘူး။ နာနေလို့။ ဒါကြောင့်ပဲ (ကျွန်တော်တို့ အသက်မပြည့်တဲ့ ရဲဘော်သစ်တွေ) အဲဒီ စစ်စခန်းကနေ ထွက်ပြေးလာကြတယ်။"[78]

**တိုက်ပွဲဝင်ရန် ပြင်ဆင်ခြင်း ကလေးများအတွက် စုဆောင်းရေးမတိုင်မီ သင်တန်း**

ပဋိပက္ခပြင်းထန်သော အချိန်ကာလများက ကေအိုင်အေအား အရပ်သားများများကို လက်နက်ကိုင် လက်တွေ့သင်တန်းများ ပေးရစေပြီး ၁၀ တန်းလွန် အင်္ဂလိပ်ဘာသာ ကျောင်းမှ ကျောင်းသားများကို စစ်သင်တန်းများ ပေးရစေသည်။ ယင်းတို့အထဲတွင် ၁၅ နှစ်မှ ၁၇ နှစ်အရွယ် များလည်း ပါဝင်သည်။[79] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က မတက်မနေရ သင်တန်းအစီအစဉ်ကို တက်ခဲ့ရသော ကျောင်းသား သုံးယောက်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ သူတို့အား ကေအိုင်အေ စစ်တပ် ယူနစ်တခုသို့ နေရာ ပြောင်းရွှေ့ခဲ့ပြီး ကေအိုင်အေ၏ ပုံမှန် ၄၅ ရက် အခြေခံ သင်တန်းကို ၂၀၁၂ ခုနှစ်တွင် (နောက်ဆုံး သေနတ်အစစ်ဖြင့် လေ့ကျင့်မှု မပါပဲ) တက်ရောက်ခဲ့ရသည်။[80] ကေအိုင်အေ၏ သင်တန်းကို ယခင်က အသက်မပြည့်သူ တပ်သားသစ်များနှင့် အတူတက်ရောက်ခဲ့ဘူးသည့် အသက် ၂၀ လူတဦးက ကိုယ်ခန္ဓာ လေ့ကျင့်ခန်းနှင့် တိုက်ပွဲ နမူနာပုံစံ လေ့ကျင့်ခန်းများအကြောင်း အသေးစိတ်ပြောပြသည်။

"ကျွန်တော်တို့ ယူနီဖောင်းတွေ ဝတ်ထားကြပေမယ့် တကယ့် ကေအိုင်အေ စစ်သားတွေလို တံဆိပ်တွေ မပါဘူး။ ကျွန်တော်တို့ ဟိုး အခြေခံက စရတယ်။ ဘယ်-ညာ-ဘယ်-ညာ၊ ဘယ်ကွေ့ညာကွေ့နဲ့ ချီတက်ခြင်းပေါ့။ ကွင်းထဲမှာ နာရီပေါင်းများစွာ နေရတယ်။ အဲဒါဟာ ခက်ခဲပြီး တချို့တွေဆိုရင် လက်လျော့ချင်ကြတယ်။ ကျွန်တော်လည်း ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကို ပေးမရပ်ဘူး ဒါမှမဟုတ် မုန့်တောင် ဝယ်စားလို့ မရဘူး။ ကျွန်တော်တို့ အဲဒီကို ရောက်ပြီး ဖြစ်နေတော့ ကျွန်တော်တို့မှာ ရွေးစရာမရှိဘူး သင်တန်းပြီးအောင် တက်ရမယ်။ ... ကျွန်တော်တို့ သစ်သား သေနတ်တွေ ကိုင်ပြီး ကေအိုင်အေ စစ်သား တွေ ရှေ့တန်းမှာ လုပ်သမလိုမျိုး လေ့ကျင့်ခန်းတွေကို သင်ရတယ်။ ကျွန်တော်တို့ တောအုပ်တွေ ကြားထဲ လျှောက်သွားရပြီး သူတို့က ဘယ်လို အသက်ရှင်နေထိုင်ရမယ်ဆိုတာ

သင်ပေးတယ်။ … ကျွန်တော်က စိတ်လှုပ်ရှားနေတယ်၊ နည်းနည်းလည်း ကြောက်တယ်။ သေနတ်တွေ ဗုံးတွေနဲ့ စစ်ရေး ကိစ္စတွေ လေ့လာပြီးတဲ့ အခါ ကျွန်တော်တို့ အုပ်စု နှစ်စုခွဲပြီး တဖက်နဲ့ တဖက် တိုက်ပွဲ ဖြစ်သလိုမျိုး ဟန်ဆောင်ကြတယ်။ ကျွန်တော်တို့ သစ်သား သေနတ်တွေ ကိုင်ထားကြပြီး ပတ်ဝန်းကျင်မှာတော့ တကယ် တိုက်ပွဲဖြစ်နေသလို အသံတွေ ကြားရတယ်။ ဗုံးအတုတွေလည်း အများကြီးပဲ။ အသံတွေက အရမ်းကျယ်တယ်။ ကျွန်တော်တို့ တော်တော်များများ အဲဒီအချိန်တုန်းက ကြောက်ကြတယ်။ …. (သင်တန်းဆရာတွေက) ကျွန်တော်တို့နဲ့ အတူသွားပြီး သူတို့က ကျွန်တော်တို့ဘယ်လို ရွေ့မယ်ဆိုတာနဲ့ ရန်သူကို ဘယ်လိုချဉ်းကပ်မယ်ဆိုတာတွေကို အမိန့်ပေးတယ်။ တဖွဲ့ချင်းမှာ ဆရာတွေပါပြီး သူတို့က ကျွန်တော်တို့ကို စစ်ဆေးဆုံးဖြတ်ပြီး ကျွန်တော်တို့ တိုက်ပွဲဟန်ဆောင်နေတဲ့ အခါမှာ ကျွန်တော်တို့ကို အမိန့်ဖွ ပေးတယ်။… သူတို့က တခါတလေမှာ ငြိမ်ငြိမ်လေးနေပြီး တခြား အချိန်တွေမှာ သေနတ်သံထွက်တာ ကောင်းတယ်၊ ဒါပေမယ့် အမြဲတမ်း နီးကြားတက်ကြွနေရမယ်လို့ပ လမ်းညွှန်ချက်ပေးတယ်။ သူတို့က ကျွန်တော်တို့ကို တောထဲမှာ ဘယ်လို လမ်းလျှောက်ရတယ်ဆိုတာ ပြပေးပြီး အတားအဆီးတွေ ဒါမှမဟုတ် ပစ်မှတ်ဆီကို မြေပြင်အနေအထားတွေကို ပြပေးတယ်။"[81]

ယင်းသင်တန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းက ပြင်းထန်သော တိုက်ပွဲများ မိုင်ဂျာယန်အနီးဝန်းကျင် အလွန်နီးကပ်လာသည့် အချိန်တွင် လုပ်ဆောင်ခဲ့ပြီး ကေအိုင်အေအနေနှင့် မြန်မာစစ်တပ်တွေ မြို့ကို ရောက်ရှိလာသည့် အခြေအနေဖြစ်ပါက အရေးပေါ်ပြင်ဆင်မှုကို လုပ်ဆောင်သည်ဟု မြင်သည်။

## 5.2 တာဝန်ချထားမှု

ဆန္ဒသဘောထားအလျောက် လာရောက်သော သို့မဟုတ် ကေအိုင်အေသို့ အတင်းအဓမ္မ စုဆောင်းရေးဆွဲ ခံရသော ကလေးများသည် စုဆောင်းစဉ်နှင့် သင်တန်းကာလအတွင်း အရာရှိများက သူတို့ကို တိုက်ခိုက်ရေး တာဝန်များ ပေးမည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောပြကြပြီး လက်တွေ့တွင် သူတို့အား ကေအိုင်အေက "ပံ့ပိုးမှု" ကဏ္ဍများဖြစ်သည့် ထမင်းချက်၊ သန့်ရှင်းရေး၊ သတင်းပို့ စာပေးစာယူနှင့် ပစ္စည်း သယ်ပိုးရခြင်း စသည့် တာဝန်များကို ပေးသည်။[82]

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့နှင့် တွေ့ဆုံ မေးမြန်းရာတွင် အချို့ ကေအိုင်အေ စစ်သားများက ကလေး တပ်သားသစ်များသည် တိုက်ပွဲများနှင့် ထိတွေ့မှု မရှိပဲ ရှေ့တန်း စစ်စခန်းများတွင် တာဝန်ကျသူများနှင့် (တိုက်ပွဲဝင်ရန် အဆင်သင့် တည်ဆောက်မှု ရှိပြီး အိပ်စက် စားသောက်သည့် နေရာများ) နှင့် ရှေ့တန်း စစ်မြေပြင် (စစ်စခန်းများ အနီးရှိ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေး မြောင်းများ) ကိုလည်း ခွဲခြား ထားသည်။[83] ရှေ့တန်း စစ်စခန်းများတွင် တာဝန်ထမ်းဆောင်သည့် အသက် ၁၈နှစ်နှင့် အောက် စစ်သားများကို တခါတရံတွင် "ဝ အုပ်စု" ဟု သတ်မှတ်ပြီး အဆင့်မြင့် အရာရှိများက သူတို့အား ရှေ့တန်း "သေနတ်ပစ်" နေရာများတွင် နေရာချထားခွင့် မရှိကြောင်း သိရသည်။ အသက်မပြည့်သော တပ်သားသစ်များအပါအဝင် "ဝ အုပ်စု" စစ်သားများ သို့မဟုတ် အခြား သက်တမ်းနုသော အုပ်စုများသည် ကင်းလှည့်ခြင်း သို့မဟုတ် မြန်မာစစ်တပ်နှင့် တိုက်ရိုက် ထိတွေ့မှု ရလာဒ်ဖြစ်ပေါ်နိုင်သော နေရာများတါင် တာဝန်ထမ်းဆောင်ခြင်းတို့ မှ တားမြစ်ထားကြောင်းလည်း သိရသည်။[84]

# 6. အသက်မပြည့်သော ကလေးများ စုဆောင်းမှု အဆုံးသတ်ရန်နှင့် ကလေးများ လွှတ်ပေးရန် ကေအိုင်အေ၏ ကြိုးပမ်းမှု

နိုင်ငံတကာ ဥပဒေအောက်တွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် ကလေးများအား စုဆောင်းခြင်းနှင့် ယင်းတို့ကို ဘေးအန္တရာယ် ရှိသော နေရာများတွင် အသုံးပြုခြင်းကို ရပ်ဆိုင်းရန်၊ တားဆီးရန်နှင့် ကာကွယ်ရန် တာဝန်ရှိသည်။ ယင်းတာမြစ်မှုတွင် ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို စောင့်ကြည့်လေ့လာရန်နှင့် ကာကါယ်ဂုန် တက်ကြွသော အဆင့်များ လိုအပ်ပြီး ပြန်လည် ပြုစုပျိုးထောင်မှုနှင့် ပြန်လည်ဝင်ဆံ့စေမှု လုပ်ငန်းများတွင် ခိုင်မာ၍ ပွင့်လင်းမြင်သာမှုရှိသော ယန္တယားများ ဖွဲ့စည်း တည်ဆောက်ရန် လိုအပ်သည်။

ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည်မှာ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများသည် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို လိုက်နာရန် လိုအပ်သည်။ အထူးသဖြင့် ကေအိုင်အေသည် နိုင်ငံတကာ မဟုတ်သော လက်နက်ကိုင် ပဋိပက္ခအတွက် သက်ဆိုင်သော ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းဆိုင်ရာ ဥပဒေများနှင့် အကျုံးဝင်သည်။ ယင်းတို့တွင် ကလေးများအား စုဆောင်းခြင်း နှင့်/သို့ ဘေးအန္တရယ်ရှိသော နေရာများတွင် အသုံးပြုခြင်းတို့ကို တားမြစ်ချက်လည်း ပါဝင်သည်။[85] မြန်မာနိုင်ငံသည် လက်နက်ကိုင် အဖွဲ့အစည်းများအား အသက် ၁၈ နှစ်အောက် မည်သူကိုမဆို စစ်သား အဖြစ်အသုံးပြုခြင်းနှင့် ဘေးအန္တရာယ်ရှိသော အခြေအနေများအောက်တွင်[86] အသုံးပြုခြင်းကို တားမြစ်ထားသည့် ကလေးများ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ခြင်းဆိုင်ရာ ကလေးအခွင့်အရေး သဘောတူစာချုပ် ရွေးချယ်နိုင်သည့် သတ်မှတ်ချက် (OPAC)တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း ကေအိုင်အေသည် အသက် ၁၈ နှစ်အောက် စစ်သားစုဆောင်းမှုကို တားမြစ်ထားသည့် မူဝါဒကို ဖော်ထုတ်ထားသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွေကို ကိုင်စွဲမည်ဟူသော ကတိကဝတ်ပြောဆိုချက်များ ရှိသော်လည်း ကလေးစစ်သားများစုဆောင်းမှုနှင့် အသုံးပြုမှုကို တားမြစ်ရန် လုပ်ဆောင်သော ကေအိုင်အေ မူဝါဒများမှာ ရည်မှန်းချက် အောင်မြင်စေရန် အလှမ်းဝေးလျက် ရှိနေသေးသည်။

## 6.1 ကလေးများအား စစ်သား စုဆောင်းရေးအပေါ် ကေအိုင်အေ မူဝါဒ

ကေအိုင်အေ ဒုဗိုလ်မှူးကြီး မရမ် ဇော်တောင်နှင့် ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူ ဆလန်ကဘာ ကွမ်ထက် လနန်တို့နှင့် တွေ့ဆုံမေးမြန်းချက်များ အရ ကလေးများအား စစ်သားစုဆောင်းခြင်းကို တားမြစ်ရန် ဆုံးဖြတ်ချက်ကို ပထမဆုံး ပြုလုပ်ခြင်း သည် ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေး အပြီးသတ် လုပ်ဆောင်ချိန်တွင် ဖြစ်သည်။ သို့ရာတွင် ထုတ်ဖော်ပြောဆိုခဲ့သည့် အတိုင်း စီမံခန့်ခွဲမှု အရည်အသွေး နည်းပါးမှုကြောင့် မကြာသေးမီကသာ အောက်ခြေတွင် အကောင်အထည်ဖော်ရန် ကြိုးစားအားထုတ်ခဲ့သည်။ သို့ရာတွင် ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းအပေါ် တိကျသော ကေအိုင်အေ မူဝါဒ အသေးစိတ် နှင့် ပူးတွဲပါ စောင့်ကြည့်လေ့လာရေးနှင့် အကောင်အထည်ဖော်ဆောင်မှု ယန္တယားမှာ ဝေဝါးလျက်ရှိပြီး ကေအိုင်အေ ကိုယ်နှိုက် အတွင်းမှာပင် ရှုတ်ထွေးမှုများ ရှိနေသည်။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းရာတွင် ကေအိုင်အေ အဆင့်မြင့် အရာရှိများ၏ ဆန့်ကျင်ဖက် ထုတ်ဖော်ပြောဆိုချက်များက ကေအိုင်အေ၏ အမှန်တကယ် မူဝါဒနှင့် အစဉ်အလာ စံချိန်စံညွှန်းများ သို့မဟုတ် စိတ်ဆန္ဒရှိသော မူဝါဒ ရည်မှန်းချက်များ အတွင်း ခွဲခြားနိုင်ရန် တခါတရံတွင် အခက်အခဲဖြစ်စေသည်။ အရပ်သား ပြည်သူ လူထုသာမက အဆင့်နိမ့် ရာထူးရာခံ တပ်သားများအတွင်းတွင်ပါ သတ်သတ်မှတ်မှတ် မူဝါဒများကို သိရှိနားလည်မှု ရှိပုံ မရပေ။

နိုင်ငံတကာ ကလေးစစ်သား အဖွဲ့က ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ကေအိုင်အေမှ တပ်မဟာမှူးများထံ ပေးပို့သော မှတ်စုကို ရရှိသည်။ ယင်းမှတ်စုက ကေအိုင်အေ တပ်မဟာများသည် အသက် ၁၈ နှစ်အောက် စစ်သား စုဆောင်းမှုအပေါ် စိုးရိမ်မှုများကို အသိပေးပြီး ဖြစ်သော်လည်း အလေ့အထမှာ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ရည်ညွှန်းနေသည်။ လုံး၀ တားမြစ်ကန့်သတ်လိုက်သည်ထက် မှတ်စုသည် ကလေးစစ်သား စုဆောင်းမှုသည် လက်ခံနိုင်ဖွယ် ဖြစ်သည် သို့မဟုတ် အားမပေးသင့်ကြောင်း ဆုံးဖြတ်ချက်ပေးနိုင်သည့် အခြေအနေများကို ထိရောက်စွာ ထည့်သွင်းပါဝင်သည်။ မှတ်စုသည် ကလေးစစ်သား စုဆောင်းမှုအပေါ် တားမြစ်ထားသည့် သတ်သတ်မှတ်မှတ် မူဝါဒကို ကိုးကား ရည်ညွှန်းထားခြင်း မရှိပေ။

**ကေအိုင်အေမှ တပ်မဟာမှူးများသို့ မှတ်ချက်**
**၂၀၁၁ ခုနှစ် ဇူလိုင်လ**

တပ်မဟာတိုင်းအား အသက်မပြည့်သေးသော စစ်သား စုဆောင်းမှုနှင့် ပတ်သက်၍ အကြောင်းကြားပြီး ဖြစ်သော်လည်း တချို့သည် ဆက်လက် စုဆောင်းလျက်ရှိကြောင်း တွေ့ရသည်။ ကေအိုင်အို ဗဟို ကော်မတီသည် တပ်မဟာ အားလုံးအား အောက်ပါ အချက်အလက်များအား ပြန်လည် စဉ်းစားကြရန် ပန်ကြားလိုက်သည်။

1. စစ်သားသစ်သည် အသက် ၁၈ နှစ်အောက်ဖြစ်သလား။
2. စုဆောင်းထားသူသည် ဘာကြောင့် စစ်သား ဖြစ်လိုသလဲ။
3. တပ်မဟာသည် စုဆောင်းထားသူအား ဆက်လက် ပညာသင်ကြားခွင့် ပေးသလား။
4. စုဆောင်းထားသူတွင် မိဘ ရှိ မရှိ။
5. စုဆောင်းထားသူသည် မိသားစုအိမ်တွင် နေထိုင်ခဲ့သလား။ ဘာဖြစ်လို့လဲ။ ဘာလို့မနေသလဲ။
6. စုဆောင်းထားသူသည် မိသားစုအိမ် လိုအပ်နေသလား။ ဟုတ်ပါက ဘယ်လို လိုအပ်သလဲ။

## 6.2 ကေအိုင်အေ၏ ကလေးစစ်သားများ လွှတ်ပေးရေး အဆင့်များ

ကေအိုင်အေ စစ်ဖက်ဆိုင်ရာ စီမံခန့်ခွဲမှု ရုံးက နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ကေအိုင်အေအတွင်း စုဆောင်းထားခြင်းကို တွေ့ရှိရသည့် ကလေးများအား ပြန်လည်လွှတ်ပေးခဲ့သည့် အထောက်အထား အဖွဲ့တွင်း စာရွက်စာတမ်း ၇ ခုကို ပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ ရက်စွဲများဖြင့် "လူပုဂ္ဂိုလ်

ပြန်လွှတ်ခြင်းနှင့် ပြောင်းရွှေ့ခြင်း" ပေးစာများသည် မိန်းကလေးနှင့် ယောကျ်ား လေး ၇ ယောက်ကို သူတို့ မိဘများနှင့် ဆွေမျိုးများထံသို့ ပြန်လည် ပေးပို့ကြောင်း ဖော်ပြနေသည်။[87] သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် တပ်ထွက်ခွင့် ယန္တယား တည်ရှိမှုကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပေ။

ကေအိုင်အေက လက်ရှိ ပြန်လည် သုံးသပ်လျက်ရှိပြီး မြန်မာစစ်တပ်က အဆိုပြုထားသည်ဟု ပြောသော ပုံနှိပ်ထုတ်ဝေခြင်း မရှိသည့် အချက် ၈ ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တွင် အောက်ပါ သတ်မှတ်ချက်များ ပါဝင်သည်။

- အတင်းအဓမ္မ စစ်သား စုဆောင်းခြင်း သို့မဟုတ် ကာယကံရှင်၏ ဆန္ဒမပါပဲ စုဆောင်းခြင်းကို နှစ်ဖက်စလုံးက တားမြစ်သည်။
- သတ်ဖြတ်ခြင်း၊ ကိုယ်တွင်း အင်္ဂါများ ထုတ်ယူခြင်း၊ ကလေးစစ်သား အဖြစ် စုဆောင်းခြင်း၊ စစ်ရေး ရည်ရွယ်ချက်အတွက် အတင်းအဓမ္မ စုဆောင်းခြင်း၊ တရားမဝင် ဖမ်းဆီးခြင်း၊ မုဒိန်းပြုကျင့်ခြင်း သို့မဟုတ် အခြားသော လိင်အကြမ်းဖက်မှုများ ကျူးလွန်ခြင်း အပါအဝင် ကလေးများနှင့် ပတ်သက်သည့် အပြုအမူများကို တားမြစ်ထားသည်။[88]

သို့ရာတွင် အတည်ပြုနိုင်ပါက ယင်း တရားမဝင် သဘောတူညီချက်သည် ယင်း သတ်မှတ်ချက်များ သို့မဟုတ် မည်သည့် ဒီဒီအာရ် အစီအစဉ်အတွက်မဆို အကောင်အထည်ဖော်ဆောင်မှုကို အာမခံပေးမည့် လိုအပ်သော စောင့်ကြည့်လေ့လာရေး ယန္တယားများကို ပေးထားခြင်း မရှိသေးပေ။

လက်ရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးရာတွင် ပါဝင်သော ကေအိုင်အေ ဒုတိယ ဗိုလ်မှူးကြီး မရမ် ဇော်တောင်က မြန်မာစစ်တပ် ကိုယ်စားလှယ်များအနေနှင့် အနာဂတ် သဘောတူညီချက်များကို လူမှု အဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာရေး စဉ်းစားချက်ကို ပယ်ချခဲ့ကြောင်း နိုင်ငံတကာ ကလေးစစ်သား အဖွဲ့အား ပြောပြသည်။

> "သူတို့က စောင့်ကြည့်လေ့လာရေး အဖွဲ့မှာ ဘယ်လို အပြင်အပ ပါဝင်မှုကိုမှ မလိုချင်ဘူး။ ... ဒီဒီအာရ် လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ကျွန်တော်တို့ ငြင်းခုန်နေဆဲပဲ ဖြစ်တယ်။ ကျွန်တော်တို့က ဒီဒီအာရ် အစီအစဉ် အကောင်အထည်ဖော်နိုင်မယ့် အသွင်ကူးပြောင်းရေး ကာလမတိုင်မီမှာ အပစ်အခတ်ရပ်ဆဲရေးပြီးရင် ငြိမ်းချမ်းရေး သဘောတူညီချက် အဲဒီနောက် နိုင်ငံရေး ဆွေးနွေးပွဲတွေ ဆက်သွားတာကို လိုချင်တယ်။ မြန်မာစစ်တပ်ဖက်ကတော့ အပစ်အခတ်ရပ်စဲရေးပြီးတာနဲ့ ချက်ချင်း ဒီဒီအာရ်ကို စချင်တယ်။"[89]

သို့ရာတွင် ပြောဆိုချက် ကိုယ်နှိုက်တွင် လတ်တလောလိုအပ်နေသော ကလေးစစ်သားများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို လိုက်နာရန်နှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှု၏ အစိတ်အပိုင်းဖြစ်သည့် ပိုမိုကျယ်ပြန့်သော ဒီဒီအာရ် လုပ်ငန်းစဉ်အတွင်း ခွဲခြားမှု ပြုလုပ်ထားခြင်း မရှိသေးပေ။

## 7. နိဂုံးချုပ်နှင့် အကြံပြုချက်များ

ကချင်ပြည်နယ်၏ နိုင်ငံတကာနှင့် ဝေးကွာခြင်းနှင့် လူမှု အဖွဲ့အစည်း အရင်းအမြစ်များ နည်းပါးခြင်းနှင့် လုပ်ငန်းများ ပိနေခြင်းတို့သည် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ဖြစ်ရပ် တခုချင်းစီအတွက် မှတ်တမ်းများ ပြုလုပ်ခြင်း၊ သို့မဟုတ် ကလေးများအား စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းမှ ကာကွယ်ပေးနိုင်သည့် ထိရောက်သော မဟာဗျူဟာများ ချမှတ်ထားခြင်းတို့ အပါအဝင် ကလေးများ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများအား သုတေသနပြုလုပ်ရန် အလွန်အမင်း ခက်ခဲစေသည်။ တရုတ်နှင့် မြန်မာအစိုးရ နှစ်ရပ်စလုံးက ဝင်ရောက်သွားလာမှု ကန့်သတ်ထားချက်များသည် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံညွှန်းများကို ကေအိုင်အေနှင့် ကေအိုင်အို အရာရှိများအား သင်တန်းများ ပေးခြင်း သို့မဟုတ် ယင်း စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ရန် သူတို့၏ စွမ်းရည်ကို တည်ဆောက်ပေးမှုတို့အတွက် အကန့်အသတ် ဖြစ်စေသည်။[90] ကျယ်ပြန့်မှု၊ တိကျသော သဘာဝနှင့် ကေအိုင်အေတွင် ကလေးများ ပါဝင်မှု အတိုင်းအတာတို့ကို တည်ဆောက်နိုင်ရန် နောက်ထပ် သုတေသနပြုမှုများ လိုအပ်နေပြီး ယင်းအခြေခံပေါ်တွင် ကလေးများအား ယင်းကဲ့သို့ ပါဝင် ပတ်သက်မှုများမှ ကာကွယ်ရန် ပူးပေါင်းဆောင်ရွက်သည့် မဟာဗျူဟာများ ချမှတ် အကောင်အထည်ဖော်ရန် လိုအပ်သည်။

ကလေးများ စုဆောင်းခြင်းကို ပိတ်ပင်မှုအား အကောင်အထည်ဖော်ရန်နှင့် အားဖြည့်ရန် ကေအိုင်အေသည် အလွန်အမင်း စနစ်တကျ ဖွဲ့စည်းထားပြီး ကေအိုင်အိုတွင် လုပ်ဆောင်နိုင်သည့် နည်းလမ်း (မိသားစုဝင်များ၏ အသက်မှတ်တမ်းများမှတ်တမ်းတင်ထားသော တိကျသော အိမ်ထောင်စု စာရင်းများ) မှတဆင့် လုပ်ဆောင်နိုင်သော စင်ပြိုင် အရပ်သား အုပ်ချုပ်ရေး ဗျူရိုကရေစီ ရှိသည်။ ကေအိုင်အေနှင့် ကေအိုင်အို ခေါင်းဆောင်များ၊ တပ်မှူးများ နှင့် စစ်သားများအား ဒေသခံ ခေါင်းဆောင်များနှင့် ပြည်သူလူထုများနှင့် အတူ အနီးကပ် အပြင်းအထန် အကြံပေးခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသည် ကလေးများအား စုဆောင်းခြင်းမှ ကာကွယ်ဂုန် ထိရောက်သော မဟာဗျူဟာများ ချမှတ် ဖော်ထုတ်နိုင်ရန် သာမက အောင်မြင်သော ပြန်လည်နေရာချထားရေးနှင့် ပြန်လည် ဝင်ဆံ့ရေး အစီအစဉ်များ ရရှိနိုင်စေရန် လိုအပ်လျက်ရှိသည်။

ယင်းသို့ ဖြစ်လာစေရန် ကုလသမဂ္ဂ အေဂျင်စီများနှင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများသည် ကေအိုင်အေ ထိန်းချုပ်နယ်မြေအတွင်း အကန့်အသတ်မဲ့ ဝင်ရောက်သွားလာ လက်လှမ်းမီနိုင်မှုအတွက် မြန်မာအစိုးရနှင့် ကေအိုင်အေ နှစ်ဖွဲ့စလုံးက ဖန်တီးပံ့ပိုးပေးရန် လိုအပ်သည်။ ကေအိုင်အေနှင့် မြန်မာအစိုးရအကြား အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေစဉ်အတွင်း အသက်မပြည့်သော ကလေး စုဆောင်းမှု ကိစ္စရပ် အပေါ်တွင် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် ယင်း အလေ့အထကို အဆုံးသတ်စေရန် အဓိက ကျပေသည်။ အနာဂတ် မည်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်မဆို အသက်မပြည့်သေးသော ကလေးများ စုဆောင်းမှု ကိစ္စရပ်ကို အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများတွင် ထည့်သွင်းပြီး ကျယ်ပြန့်သော ဒီဒီအာရ် လုပ်ငန်းစဉ်နှင့် ခွဲခြားထားရန် လိုအပ်သည်။

# အကြံပြုချက်များ

## ကေအိုင်အေအတွက် အကြံပြုချက်များ

- ✓ အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းအား ချက်ချင်း ရပ်ဆိုင်းပြီး ရာထူးတာဝန်အမျိုးမျိုးတွင် ရှိသူများအားလုံးအား အသက် ၁၈ နှစ်အောက် ကလေးများ နှင့်/သို့ သူတို့ မိသားစုများအနေနှင့် နောက်ဆက်တွဲ တုန့်ပြန်မှုများကို ကြောက်ရွံ့မှု မရှိစေပဲ လွှတ်ပေးရန်။

- ✓ လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် ပတ်သက်သော ပဲရစ် ဥပဒေသများနှင့် လမ်းညွှန်ချက်များ (Paris Principles) နှင့် လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများမှ ဥပဒေမဲ့ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းမှ ကလေးများကို ကာကွယ်ရန် ပဲရစ် ကတိကဝတ်များ (Paris Commitments) တို့ကဲ့သို့သော ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ပိတ်ပင် တားမြစ်ထားသော နိုင်ငံတကာ ဥပဒေနှင့် စံချိန်စံညွှန်းများကို လိုက်နာရန် လူသိရှင်ကြား သဘောတူညီရန်။

- ✓ ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုကို တားမြစ်သော အမိန့်များအား ကေအိုင်အေအတွင်းရှိ စစ်သားများ၊ တပ်မှူးများနှင့် အရာရှိများအားလုံးသို့ ထုတ်ပြန်ပြီး လိုက်နာအောင် ဆောင်ရွက်ရန်။ အမိန့်များကို ကေအိုင်အေ အဖွဲ့ဝင်များ နှင့် ကေအိုင်အေ ထိန်းချုပ်မှု ဧရိယာ အောက်တွင်ရှိ ပြည်သူလူထုများသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရန်။

- ✓ ယင်းအမိန်းများ အကောင်အထည်ဖော်မှုကို အာမခံချက်ရှိစေရန် စောင့်ကြည့်လေ့လာရေးနှင့် ကြီးကြပ်ရေး ယန္တယားများကို သတ်မှတ် ချထားရန်။

- ✓ သင့်လျော်သော အသက်စီစစ်မှု (ဥပမာ- အိမ်ထောင်စု စာရင်းများအား အသုံးပြုခြင်း) အတွက် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ခြင်းဖြင့် ကလေးစစ်သား စုဆောင်မှုကို ကာကွယ်သော ယန္တယားများကို အားဖြည့်ရန် နှင့် စစ်သားစုဆောင်းသော အရာရှိများနှင့် ကေအိုင်အို မြို့နယ် အာဏာပိုင်များအား သင်တန်းများ ပေးပြီး စစ်သားစုဆောင်းသည့် အလေ့အထများအား စောင့်ကြည့်မှုကို စဉ်ဆက်မပြတ်ပြုလုပ်ရန် အာမခံမှု ပေးရန်။

- ✓ အသက်မပြည့်သူ စစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုများတွင် တာဝန်ရှိသူများအား ထိရောက်သော အရေးယူ အပြစ်ပေးမှုများ ပြုလုပ်ရန်နှင့် ကလေးများအား စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အပေါ် သံသယရှိသူများအား အမိန့်ပေးနိုင်သည့် ရာထူးတာဝန်များမှ ဖယ်ရှားရန်။

- ✓ စောင့်ကြည့်ခြင်း၊ ဖော်ထုတ်ရှာဖွေခြင်း၊ တပ်ထွက်ခွင့်ပေးခြင်းနှင့် ကလေးများအား ပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆန့်စေခြင်း လုပ်ငန်း ရည်ရွယ်ချက်များအတွက် ကုလသမဂ္ဂ၊ နှင့် အခြား လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများအား ကချင်

ထိန်းချုပ်နယ်မြေများသို့ အဟန့်အတား အထိန်းအချုပ်မရှိ သွားရောက်မှုအား ဆက်လက်ခွင့်ပြုရန်။

- ✓ ကလေး စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း တားဆီးရန်အတွက် ကိုင်ဆွဲရမည့် ထိရောက်သော လုပ်ငန်းစဉ်များကို စောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးမှုများကို ရှာဖွေရန်။

- ✓ ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအား ကေအိုင်ကေ ထိန်းချုပ် နယ်မြေရှိ ပြည်တွင်း ရွှေ့ပြောင်း ပြည်သူလူထုများရှိရာ ဧရိယာများအားလုံးအား ဘေးကင်းလုံခြုံသော၊ ရေရှည်ဖြစ်သော နှင့် နှောင့်နှေးကြန့်ကြာမှုကင်းသော ထိတွေ့လက်လှမ်းမီမှုကို ခွင့်ပြုရန်နှင့် လူသားချင်း စာနာထောက်ထားသော အဖွဲ့အစည်းများအား ကာကွယ်ရေး၊ နာလံထမှုနှင့် လိုအပ်ချက်များ ရှိနေသည့် ပြည်သူများအတွက် တဖြေးဖြေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပုံမှန် ထိတွေ့လက်လှမ်းမီမှုကို လုပ်ဆောင်နိုင်ရန်အတွက် ရေရှည် ကတိကဝတ်ပြုပေးရန်။

## မြန်မာအစိုးရအတွက် အကြံပြုချက်များ

- ✓ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ လုပ်ငန်းအဖွဲ့ နှင့် အခြားသော လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများအား လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းဆွေးနွေးမှု ဖြစ်မြောက်စေရန်၊ စောင့်ကြည့်လေ့လာနိုင်ရန်နှင့် ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှု စွပ်စွဲချက်များအား စီစစ်နိုင်ရန်နှင့် ကေအိုင်အေနှင့် ဆက်စပ်ပတ်သက်နေသော ကလေးများအား ဘေးကင်းစွာ လွှတ်ပေးနိုင်ရန်နှင့် လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကေအိုင်အေ နှင့် ထိတွေ့မှုကို ခွင့်ပြုရန်နှင့် ကူညီဆောင်ရွက်မှု ပေးရန်။

- ✓ ကချင်အခြေပြု ဒေသခံ၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးထောက်ခံမှုဖြင့် ကေအိုင်အေမှ ကလေးစစ်သား စုဆောင်းအသုံးပြုမှုကို ကာကွယ်တားဆီးရန်နှင့် ကလေးများအပေါ် ပဋိပက္ခများ၏ သက်ရောက်မှုများကို ဖယ်ရှားရန် မဟာဗျူဟာများ ချမှတ်ရေးဆွဲရန်၊

- ✓ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး စာချုပ်တွင် ဘေးအန္တရာယ်ရှိသော နေရာများတွင် အသက်၁၈ နှစ်အောက် ကလေးများ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို တားမြစ်ခြင်းနှင့် ကလေးများအား ကာကွယ်ခြင်းကို ထည့်သွင်း လက်မှတ်ရေးထိုးရန်အတွက် ပံ့ပိုးရန်နှင့် ယင်းကတိကဝတ် အပေါ် စောင့်ကြည့်ရန် သင့်လျော်သော ယန္တယားများ နေရာတကျရှိစေရေးအတွက် တာဝန်ခံရန်။

- ✓ တရားဝင် လက်နက်ဖျက်သိမ်းခြင်း၊ တပ်ထွက်ခွင့်ပေးခြင်း နှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည် ဝင်ဆံ့စေခြင်း ဒီဒီအာရ် (DDR) လုပ်ငန်းစဉ် မတိုင်မီတွင် ကေအိုင်အေရှိ တာဝန်အဆင့်ဆင့်တွင်ရှိသော ကလေးများအား စီစစ်ဖော်ထုတ်ခြင်းနှင့် လွှတ်ပေးခြင်း တို့အား အာမခံနိုင်မည့် ယန္တယားများ ဖော်ထုတ်ရာတွင် ပံ့ပိုးရန်။

- ✓ ကလေးစစ်သားများအား လုံခြုံရေး တပ်ဖွဲ့များက ဖမ်းဆီးမိခြင်း သို့မဟုတ် လွှဲပြောင်းခြင်းများ ရှိခဲ့ပါက သူတို့၏ မိသားစုများ သို့မဟုတ် ပြန်လည် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည် ဝင်ဆံ့ရေး လုပ်ငန်းစဉ်များအတွက် ကလေးကာကွယ်ရေး အေဂျင်စီများသို့ ချက်ချင်း လွှဲပြောင်းပေးနိုင်ရန် အာမခံချက်ရှိသော လုပ်ငန်းစဉ်များကို တည်ဆောက် အကောင်အထည်ဖော်ရန်။

- ✓ ကေအိုင်အေနှင့် ပတ်သက်သော ကလေးများကို မြန်မာ လုံခြုံရေး တပ်ဖွဲ့များက ဖမ်းဆီးချုပ်နှောင်ပါက သူတိုပအား ဂုဏ်သိက္ခာရှိစွာ ဆက်ဆံရန်နှင့် သူတို့၏ အခွင့်အရေးများကို လေးစားမှုရှိရန်၊ သူတို့အား ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် တာဝန်ရှိသော လုံခြုံရေး တပ်ဖွဲ့များမှ အဖွဲ့ဝင်များကို အပြစ်ပေး အရေးယူသည့် စနစ် တည်ထောင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် တာဝန်ခံရန်။

- ✓ ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ဖယ်ရှားရန်အတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်ကို အားကောင်းစေရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများကို လက်မှတ်ရေးထိုး ပြီး အကောင်အထည်ဖော်ရန်။ ယင်းတို့မှာ OPAC၊ အိုင်အယ်လ်အို (ILO) အနိမ့်ဆုံး အသက် သဘောတူစာချုပ် ၁၃၈၊ ဂျနီဗာ ကွန်ဗင်းရှင်း ထပ်ဆင့် သဘောတူ သတ်မှတ်ချက်များနှင့် နိုင်ငံတကာ တရားရုံး၏ ရောမ သဘောတူညီချက် တို့ပါဝင်သည်။

## ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့အတွက် အကြံပြုချက်များ

- ✓ အသက်မပြည့်သူ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း နှင့် ကချင်ပြည်နယ်အတွင်း အခြားသော ကလေးများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများအား စောင့်ကြည့်ရန် ပူးပေါင်းရေးစွဲထားသည့် မဟာဗျူဟာ တရပ် ဖော်ထုတ်ခြင်းဖြင့် ကေအိုင်အေ ထိန်းချုပ်နယ်မြေတွင်ရှိ လက်ရှိ စောင့်ကြည့်လေ့လာမှုနှင့် အစီရင်ခံမှု ယန္တယား (MRM) အားပိုမိုအားဖြည့်ရန်။

- ✓ ကေအိုင်အေ၏ ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်စေရန် လုပ်ငန်း အစီအစဉ်တစ်ရပ် ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကေအိုင်အေ ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ရန်။

- ✓ ကလေးများ စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ကာကွယ်ခြင်းအတွက် ရည်ရွယ်ပြီး အစပျိုးမှုများကို အကြံပြုရန်နှင့် ပံ့ပိုးရန်အတွက် ကေအိုင်အေ တပ်မှူးများ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများကို မိမိတို့ဖက်မှ အစပျိုး ထိတွေ့မှု လုပ်ရန်နှင့် ယင်းတို့နှင့် ပတ်သက်နေသည့် ကလေးများအား စီစစ်ဖော်ထုတ်ရန်နှင့် လွှတ်ပေးနိုင်ရန် နည်းလမ်းများကို ရှာဖွေရန်။

- ✓ ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုအပါအဝင် ကချင်ပြည်နယ်အတွင်း ကလေးအခွင့်အရေး သိရှိနားလည်မှု တိုးပွားလာစေရန် နိုင်ငံအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ လူထု အခြေပြု အဖွဲ့အစည်းများနှင့် လူမှု အဖွဲ့အစည်းများအား ပံ့ပိုးမှု ပိုမိုမြှင့်တင်ရန်။

## ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ

- ✓ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အဖွဲ့သည် ကလေးများအပေါ် ချိုးဖောက်မှုများ အားလုံးကို ပြည့်ဝစွာ စောင့်ကြည့်နိုင်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများ အားလုံးကို အစိုးရနှင့် ကေအိုင်အေတို့အား ပံ့ပိုးမှုပေးနိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်အားလုံးကို ရရှိထားစေရန် တာဝန်ခံရမည်။

- ✓ ငြိမ်းချမ်းရေး သို့မဟုတ် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုနှင့် သဘောတူညီချက်အားလုံးတွင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် ကလေးကိစ္စရပ်များ အပေါ် ဖြေရှင်းခြင်း လုပ်ငန်း လမ်းညွှန်ချက်များနှင့် အညီ ကေအိုင်အေနှင့် သက်ဆိုင်သော ကလေးများ၏ လွှတ်ပေးမှု၊ နလန်ထမှုနှင့် ပြန်လည် ဝင်ဆံ့မှုများအား ရည်ရွယ်သော သဘောတူညီချက်များကို ပံ့ပိုးရန်။

- ✓ ကလေး စစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်ရန် လိုလားမှုကို ပြသရန်အတွက် နှောင့်နှေးခြင်းမရှိပဲ အိုပက (OPAC) ကို လက်မှတ်ရေးထိုးရန် မြန်မာအစိုးရအား တိုက်တွန်းရန်။

# အဆုံးသတ် မှတ်စုများ

[1] ကုလသမဂ္ဂ အထွေထွေ ညီလာခံ (UNGA)၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခအပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ ကုလသမဂ္ဂ စာရွက်စာတမ်း။ A/68/878-S/2014/339၊ ၂၀၁၄ ခုနှစ် မေလ ၁၅ ရက်။

[2] ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) ဆုံးဖြတ်ချက် ၁၆၁၂ က ကုလသမဂ္ဂအား ကုလသမဂ္ဂ ဦးဆောင်သော စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံမှုဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ လုပ်ငန်း အဖွဲ့ CTFMR များကို ပဋိပက္ခတွင် ပါဝင်နေသော လက်နက်ကိုင် တပ်ဖွဲ့များက ဖြစ်စေ လက်နက်ကိုင်အဖွဲ့အစည်းများက ဖြစ်စေ ကလေးများအပေါ် ကြီးမားကျယ်ပြန့်သော ချိုးဖောက်မှု ကျူးလွန်နေကြောင့် အထောက်အထား အခိုင်အမာ တွေ့ရှိရသော နိုင်ငံများတွင် ဖွဲ့စည်းခွင့် ပေးထားသည်။ ယင်း CTFMR သည် လက်နက်ကိုင် တပ်ဖွဲ့များ နှင့် လက်နက်ကိုင် အဖွဲ့အစည်းများတွင် ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အပါအဝင် ကလေးများအပေါ် ကြီးမားကျယ်ပြန့်သော ချိုးဖောက်မှု ၆ ခု အပေါ် မှတ်တမ်းတင်ခြင်း၊ စိစစ်ခြင်းနှင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ အစီရင်ခံခြင်း လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံခြင်း ယန္တယား (MRM) ကို ဖွဲ့စည်းတည်ဆောက်ထားသည်။ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်တွင် CTFMR ကို စတင် တည်ထောင်ထားပြီး ယူနီဆက်ဖ် (UNICEF) နှင့် ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်ရုံးတို့မှ ပူးတွဲ ခေါင်းဆောင်ကာ ယူအန်အိတ်ချ်စီအာရ် (UNHCR)၊ နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ် (ILO)၊ ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ရံပုံငွေ အဖွဲ့ (UNFPA)၊ ကလေးစောင့်ရှောက်ရေးအဖွဲ့ (Save the Children) နှင့် ဝေါ်ဗီးရှင်း (World Vision) အဖွဲ့များ ပါဝင်သည်။

[3] မြန်မာလက်နက်ကိုင် တပ်ဖွဲ့များသည်လည်း အသက် ၁၈ နှစ်မပြည့်သေးသည့် ၁၀ တန်းအောင်သူများအား "၁၀ တန်းချင်းချက်" ဟုခေါ်သော လက်နက်ကိုင်တပ်ဖွဲ့များသို့ ဝင်ရောက်ခွင့် အထူးသဖြင့် တပ်ကြပ်ကြီး စာရေး ကဲ့သို့ စီမံခန့်ခွဲမှုအဆင့် ရာထူးများတွင် ဝင်ရောက်ခွင့်ကို ပြုထားခြင်း ရှိခဲ့သည်။ ၁၀ တန်း ချင်းချက်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက တရားဝင် ပယ်ဖျက်ပြီး ဖြစ်သည်။

[4] တွေ့ဆုံမေးမြန်းမှု ပေးနိုင်သူ အရေအတွက် တစုံတရာသည် သူတိုပအပေါ် လက်တုန့်ပြန်မှုအား ကြောက်လန့်ခြင်း၊ လူမှု ဖယ်ကျဉ်မှုကို ကြောက်လန့်ခြင်း သို့မဟုတ် သူတို့နှင့် အနီးကပ် ပတ်သက်နေသော ကေအိုင်အေအား ဝေဖန်လိုမှု မရှိခြင်း တို့ကြောင့် ပါဝင်ဖြေဆိုရန် ငြင်းပယ်ခဲ့ကြသည်။

[5] ကချင်ပြည်နယ်တွင် တိုင်းရင်းသား ခရစ်ယာန် ကချင်များ (ယင်းတွင် ကချင်နှင့် နှစ်ခြင်း ကချင်များနှင့် အခြား နှစ်ခြင်း ဂိုဏ်းကွဲများပါဝင်သည်) အများစု နေထိုင်ပြီး သူတို့သည် ယဉ်ကျေးမှုနှင့် ဘာသာစကားတွင် နိုင်ငံ၏ လူများစု ဖြစ်သော ဗုဒ္ဓဘာသာဝင် မြန်မာစကားပြော တိုင်းရင်းသား မြန်မာများနှင့် ကွဲပြားခြားနားသည်။

[6] ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခ အပေါ် အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ၊ ကုလ စာတမ်း။ S/2014/339၊ ၂၀၁၄ ခုနှစ် မေလ ၁၅ရက်။ မြန်မာစစ်တပ်သည်လည်း ယခင် နောက်ဆက်တွဲများအတွင်း ၅ နှစ်ကျော်ကြာ သူ၏ စာရင်းပေါက်မှုကြောင့် "အစဉ်တစိုက် ချိုးဖောက်သူ" အဖြစ် သတ်မှတ်ခံထားရသည်။

[7] Kai Chen ၏ "မြန်မာ-တရုတ် နယ်စပ် ကလေးစစ်သားများအပေါ် ဖြစ်ပေါ်တိုးတက်မှုများ၊ စိမ်ခေါ်မှုများနှင့် ဆန့်ကျင် ဆောင်ရွက်မှုများ" တွင်ကြည့်။ ရာဇဝတ်ဗေဒ ဆိုင်ရာ SpringerBriefs, ၂၀၁၄ ခုနှစ် Springer-Verlag စက်ာပူနှင့် Paul Keenan၊ စစ်အင်အားများ။ မြန်မာနိုင်ငံရှိ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများ၊ Vij စာအုပ်များ- အိန္ဒိယ၊ 2013 ခုနှစ်။

[8] ကိန်းဂဏန်း ၅၀၀၀ အတွက် op.cit Keenan၊ ၂၀၁၃ ခုနှစ်တွင် ကြည့်။ ကိန်းဂဏန်း ၁၀ ၀၀၀ အတွက် *BBC* "မြန်မာစစ်တပ် ကချင် ပြည်သူ့စစ်နှင့် တင်းမာမှုဖြစ်" ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၉ ရက်။ http://www.bbc.com/news/world-asia-pacific-11571435. ကြည့်။

[9] ယင်းသည် အချိန်ကာလရှည်ကြာစွာ အစဉ်တစိုက် စစ်သားစုဆောင်းခြင်းအပေါ် တွက်ချက်ထားခြင်းဖြစ်ပြီး သေဆုံးဒဏ်ရာရမှုများအား တွက်ချက်မှု မရှိပါ။ ရက် ၉၀ လျှင် တကြိမ် အချိန်ပြည့် စစ်သား ၄၀၀ ခန့်ကို သင်တန်းမှ မွေးထုတ်ပေးနေပြီး ၄၅ ရက်လျှင်တကြိမ် အချိန်ပိုင်း စစ်သားသစ် ၁၅၀ ကို သင်တန်းများ ပေးလျက်ရှိသည်။ ယင်း အကြမ်းဖျဉ်း ခန့်မှန်းချက်များသည် ကေအိုင်အေ တပ်မဟာ ၃ ဌာနချုပ်တွင် လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ခန့်မှန်းထားခြင်း ဖြစ်သည်။ သို့ရာတွင် အခြားသော စစ်သားသစ်များကို အခြား နေရာများတွင် သင်တန်းပေးနေသော်လည်း ယင်းတို့ကို ဤခန့်မှန်းချက်တွင် ထည့်တွက်ထားခြင်း မရှိပါ။

[10] ဤခန့်မှန်းချေမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဖွန်လအတွင်း အစီရင်ခံစာ သုတေသနမှုများက ကချင် လူမှု အဖွဲ့အစည်း အများအပြားနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။

[11] ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား အုပ်စုများအတွက် တန်းတူအခွင့်အရေး ရရှိစေရန် ရည်ရွယ်ခဲ့ပြီး အနာဂတ် လွတ်လပ်သည့် နိုင်ငံတွင် ဖက်ဒရယ် အုပ်ချုပ်ရေး စနစ်ကို ရှေ့ရှုသော ဆောင်ရွက်မှု တစ်ခုဖြစ်သည်။ စာချုပ်၏ စာသား အပြည့်အစုံကို (အင်္ဂလိပ်ဘာသာဖြင့်) http://www.ibiblio.org. တွင် ဖတ်ရှုနိုင်သည်။

[12] Kai Chen က ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေးတွင် တည်ထောင်ခဲ့သည့် နယ်ခြားမျဉ်းများအရ ကေအိုင်အို ထိန်းချုပ်သည့် ပထဝီဆိုင်ရာ မြေဧရိယာသည် စတုရန်း ကီလိုမီတာ ၄၀ ၀၀၀ ခန်းရှိပြီး နိုင်းယှဉ်ချက်အရ ဆိုလျှင် ဆွစ်ဇာလန်နိုင်ငံ၏ ဧရိယာခန့်ရှိသည်။ Kai Chen ၏ "မြန်မာ-တရုတ် နယ်စပ် ကလေးစစ်သားများအပေါ် နှိုင်းယှဉ်လေ့လာချက်- ဖြစ်ပေါ်တိုးတက်မှုများ၊ စိမ်ခေါ်မှုများနှင့် ဆန့်ကျင် ဆောင်ရွက်မှုများ"၊ ရာဇဝတ်ဗေဒ ဆိုင်ရာ SpringerBriefs, ၂၀၁၄ ခုနှစ် Springer-Verlag စက်ဘ်ပုနှင့် Paul Keenan၊ စိစ်အင်အားများ။ http://www.springer.com/gp/book/9789814560016.

[13] Tony Cliff ၏ "မြန်မာနိုင်ငံအတွင်း ရောက်လာသည့် စစ်ပွဲ (The war to come in Myanmar)" *Asia Times*၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၄ ရက် နှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ (HRW) ၏ လူမသိ သူမသိ လျို့ဝှက်ချက်များ (Untold Miseries) ကချင်ပြည်နယ်အတွင်း စစ်ကာလ ချိုးဖောက်မှုများနှင့် အတင်းအဓမ္မ နေရာ ရွှေ့ပြောင်းမှုများ၊ (Wartime Abuses and Forced Displacement in Kachin State)၊ ၂၀၁၂ ခုနှစ်။

[14] အောက်ပါတို့တွင်လည်း ကြည့်နိုင်သည်။ ဘကောင်း ၏ "ကေအိုင်အေ ရုံးများကို မြန်မာစစ်တပ်က စီးနင်းခြင်း (Burmese Army Raids KIA Offices)" The Irrawaddy၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၉ ရက်။ စောရန်နိုင်၏ "ကေအိုင်အို ဆက်သွယ်ရေး ရုံးများ ပိတ်ရ (KIO to Close Liaison Offices)"၊ The Irrawaddy၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၅ ရက်။ ဘကောင်း၏ " ကေအိုင်အေရုံးများကို မြန်မာစစ်တပ်က စီးနင်းခြင်း (Burmese Army Raids KIA Offices)"၊ The Irrawaddy၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၉ ရက်။ လဝီဝင်၏ "ကေအိုင်အေက တပ်လှန့်ထား (KIA Issues Alert)" The Irrawaddy၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၀ ရက်။ Ashley South ၏ "မဲပေးသော်လည်း ကျွန်တော်တို့ သိသလိုမဟုတ် (Voting, But Not As We Know It)" *The World Today*၊ Chatham House၊ ၂၀၁၀ ခုနှစ်။ စာ- ၂၉-၃၁၊ နှင့် "မြန်မာရွေးကောက်ပွဲ အပေါ် တင်းမာမှုများ ဖုံးလွှမ်း (Tensions Cloud Myanmar Vote- လူနည်းစုများ ပါဝင်မှုအပေါ် မေးခွန်းများ ဖြစ်စေသည့် သပိတ်မှောက်မှုနှင့် တားဆီးမှုများသည် ရွေးကောက်ပွဲ၏ တရားဝင်မှုကို သံသယ တိုးပွားစေသည်။ (Boycotts and Bans That Put Participation of Minorities in Question Add to Doubts Over the Legitimacy of Election)" Wall Street Journal၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၃ ရက်။

[15] မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများအပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ကုလ စာတမ်း၊ A/66/267၊ ၂၀၁၁ ခုနှစ် ဩဂုတ် ၅ ရက် တွင်ကြည့်။ Ryan Roco ၏ မြန်မာပြည် မြောက်ပိုင်းမှ ရာဇဝတ်မှုများ- ကချင်ပြည်နယ်အတွင်း အချက်အလက်စုဆောင်းမှုမှ ရလာဒ်များ၊ လုပ်ဖော်ကိုင်ဖက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး။ HRW၊ လူမသိ သူမသိ လျှို့ဝှက်ဇာတ်လမ်းများ- ကချင်ပြည်နယ် စစ်ကာလ ချိုးဖောက်မှုများနှင့် အတင်းအဓမ္မ နေရာရွှေ့ပြောင်းမှုများ၊ ၂၀၁၂ ခုနှစ်။ ကုလသမဂ္ဂ အခွင့်အရေး ကော်မတီ စာတမ်း- "တွေ့ရှိချက်များအား ကောက်ချက်ဆွဲခြင်း (Concluding observations)"၊ CRC/C/MMR/CO/3-4၊ ၂၀၁၂ ခုနှစ်။ နှင့် Fortify Rights ၏ "သူတို့ ငါ့ကို သတ်တော့မယ်လို့ ထင်မိခဲ့တယ်"- မြန်မာပြည် မြောက်ပိုင်းမှ နှိပ်စက်မှု အဆုံးသတ်ခြင်း (Ending Wartime Torture in Northern Myanmar)၊ ၂၀၁၄ ခုနှစ်။ လတ်တလောက် ဥပမာများအတွက်။

[16] ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA)၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခ အပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ ကုလ စာတမ်း။ A/68/878-S/2014/339၊ ၂၀၁၄ မေလ ၁၅ ရက်။ ကိုထွေး၏ " ရှမ်းနီရွာသားများအား ဖမ်းဆီးမှုအပေါ် ကေအိုင်အေ ငြင်းဆို (KIA denies abducting Red Shan villagers)"၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၃ ဒီဗီဘီ။ နှင့် မဇ္ဈိမ ၏ "ကေအိုင်အေ ခေါင်းဆောင်များ ကလေးစစ်သား စုဆောင်းမှုအား မထိန်းချုပ်နိုင်"၊ ဗိုလ်ချုပ် ဝန်ခံ၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်။

[17] HRW ၏ *"ကျွန်တော့် သေနတ်က ကျွန်တော့်အရပ်လောက်ရှိတယ်။ (My Gun Was as Tall as Me)"- မြန်မာနိုင်ငံ ကလေးစစ်သားများ၊ ၂၀၀၂ ခုနှစ်။*

[18] HRW၊ *လူမသိ သူမသိ လျှို့ဝှက် ဇာတ်လမ်းများ- ကချင်ပြည်နယ် စစ်အတွင်း ချိုးဖောက်မှုများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းမှုများ၊ ၂၀၁၂ ခုနှစ်။*

[19] Joshua Lipes ၏ "မြန်မာနိုင်ငံ၏ ဦးသိန်းစိန် ရွေးကောက်ပွဲ၊ ငြိမ်းချမ်းရေး သဘောတူချက်အပေါ် ရှားရှားပါးပါး ၄၂ ပါတီ ဆွေးနွေးပွဲ ကျင်းပ (Myanmar's Thein Sein Holds Rare 42-Party Talks on Elections, Peace Pact)" ရေဒီယို ဖရီးအေးရှား (RFA) ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်။

[20] မြန်မာစစ်တပ်၏ လတ်တလော စစ်အင်အား ဖြည့်စည်းမှုများ ကြည့်ရန်- Kachinland News ၏ "ကချင်ပြည်နယ် တောင်ပိုင်း တိုက်ပွဲများ ပြင်းထန်လာ (Battles Intensify in Southern Kachin State)"၊ ၂၀၁၅ ခုနှစ် မေလ ၂၄ ရက်။

[21] မဇ္ဈိမ "တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် သံသယများ ရှိနေဆဲ (Suspicions persist over signing of Nationwide Ceasefire Agreement)"၊ ၂၀၁၅ ခုနှစ် မေလ ၅ ရက်။

[22] ပညာရေး စံနှစ်၊ ဘုရားကျောင်းများနှင့် ဒေသခံ အစိုးရ မဟုတ်သော အဖွဲ့များ (NGOs) သည် စစ်စွမ်းဆောင်ရည်များကို သဘောတရားရေးနှင့် ရုပ်ဝတ္ထုပစ္စည်း များကို ဖြည့်စည်းပေးခြင်းဖြင့် ပဋိပက္ခ၏ ဒဏ်ရာဒဏ်ချက်များကို တုန့်ပြန်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ယင်းအဖွဲ့အစည်းများသည် ကေအိုင်အေ မျိုးချစ် သဘောတရား၊ စစ်သဘောသဘာဝတို့ကို ကေအိုင်အေအပေါ် လူထု ထောက်ခံမှုကို မြင့်တင်ပေးခြင်းဖြင့် လူမှု ပုံမှန်ရှိမှု အခြေအနေကို အားဖြည့် မြင့်တင်ပေးသည်။ ဖြစ်ရပ် အများအပြားတွင် ယင်း လုပ်ဆောင်မှုများသည် ကလေးများအား စစ်တပ်အတွင်း စာရင်းသွင်းခြင်း သို့မဟုတ် အရပ်သား စီမံခန့်ခွဲရေး ဌာနများတွင် ဝင်ရောက်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ယင်း လုပ်ငန်းလုပ်ဆောင်မှု နမူနာများတွင် ဘာသာရေး ခေါင်းဆောင်များ ဦးဆောင်သော ကေအိုင်အေ ရှေ့တန်း စစ်စခန်းများတွင် ဆုတောင်းပွဲ ခရီးစဉ်များ၊ သိမ်းဆည်းရမိသော လက်နက်များအပေါ်တွင် ဂုဏ်ပြုပွဲများ တိုင်းရင်းသား ဘာသာရေး စစ်ရေးကြွ ဝါဒဖြန့်ချိရေး၊ "လူထုဝန်ဆောင်မှု" ပညာရေး အစီအစဉ် ဖွဲ့စည်းမှု၊ NGO ဝန်ထမ်းများက စစ်သားများအတွက် ထမင်းဟင်း ချက်ပေးခြင်း နှင့် အရပ်သားများအတွက် မိမိဆန္ဒသဘောထားအလျောက် လက်နက်ငယ် သင်တန်းများ ပေးခြင်းတို့ ပါဝင်သည်။ အခြားသော လုပ်ငန်းရပ်များ အပါအဝင် ယင်းလှုပ်ရှားမှု အများအပြားသည် ကေအိုင်အေက ဖိတ်ခေါ်ရန် သို့မဟုတ် ကမကထ ပြုရန် မလိုအပ်ပဲ လူထု အဖွဲ့အစည်း များကပင် မကြာခဏ စတင်လုပ်ဆောင်လေ့ရှိသည်။

[23] အချို့က ကေအိုင်အေ "ဝါဒဖြန့်ချိရေးအဖွဲ့" ကို ယခုအခါ ဖျက်သိမ်းလိုက်ပြီး သူတို့အား မကြာသေးမီက တိုက်ပွဲများတွင် တိုက်ခိုက်ရေး တာဝန်များကို ပေးအပ်ထားကြောင်း အစီရင် ခံချက်များ ရှိသည်။

[24] မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲရေး ယူနစ်၏ အဆိုအရ "ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် ခန့်မှန်းခြေ လူပေါင်း ၁၁၃၀၀၀ တို့သည် ၂၀၁၂ ခုနှစ် ဖွန်လမှ စတင်သော အသစ်ဖြစ်ပွားသည့် ပဋိပက္ခဒဏ်ကို ခံကြရသည်။ ယင်းတို့ အနက် ၈၁ ၀၀၀ သည် စခန်းများတွင် စာရင်းသွင်း နေထိုင်ကြပြီး လူဦးရေ ၁၀၀၀၀ မှာ နီးစပ်ရာ ဆွေးမျိုး မိတ်ဆွေတို့နှင့် နေထိုင်ကြပြီး အများအပြားမှာ ထောက်ပံ့မှုပေးရန် အခက်အခဲများ ရှိနေသည်။ စုစုပေါင်း လိုအပ်မှုရှိနေသော လူဦးရေ၏ ထက်ဝက်ကျော်သည် အစိုးရ ထိန်းချုပ်မှု အပြင်ဖက်ရှိ ဒေသများတွင် ရှိကြသည်။" http://www.themimu.info/emergencies/kachin, ၂၀၁၅ ခုနှစ် မေလ ၂၃ တွင် ဖတ်ရှုရသည်။

[25] လူသားချင်း စာနာမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရုံး (OCHA), အေဂျင်စီများ အကြား စောင့်ကြည့်လေ့လာရေး ကချင်ပြည်နယ် လိုင်ဇာနှင့် မိုင်ဂျာယန် ခရီးစဉ်၊ ၂၀၁၃ စက်တင်ဘာ။ http://www.themimu.info/sites/themimu.info/files/documents/Report_Assessment_Kachin_Interagency%20missions%20in%20Laiza%20n%20Maja%20yang_Sep13.pdf

[26] လိုင်ဇာ၊ မိုင်ဂျာယန်နှင့် လာနာဇွတ်ဂျာ ရှိ အချို့သူများသည် တရုတ် စိုက်ပျိုးရေး လုပ်ငန်းရှင်များ အတွက် ကြံရိတ်သိမ်းခြင်း ကဲ့သို့ ရာသီအလိုက် လုပ်အားများ လုပ်ကိုင်နိုင်ကြသည်။ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် အများအပြားသည်လည်း သူတို့အား တရားဝင် နယ်စပ်ဖြတ်ကျော်ခွင့်ပေးသည့် ယာယီ နယ်စပ်ဖြတ်ကျော်သည့် လက်မှတ် ရယူနိုင်ပါက အိမ်နီးချင်း တရုတ်နိုင်ငံတွင် စီးပွားရေး အခွင့်အလမ်းများကို ရှာဖွေကြသည်။

[27] လူကုန်ကူးမှု အန္တရာယ် အတွက် အောက်ပါတို့တွင်ကြည့်ပါ။ ကချင် အမျိုးသမီး အဖွဲ့ ထိုင်းနိုင်ငံ- အစွန်အဖျားသို့ တွန်းပို့ခံရခြင်း- ကချင်-တရုတ်နယ်စပ် ပဋိပက္ခနှင့် လူကုန်ကူးမှု (Conflict and human trafficking on the Kachin-China border)၊ ၂၀၁၃ ခုနှစ်။ နှင့် Lusha Chen ၏ "တရုတ်နယ်စပ်တလျောက် မြန်မာနိုင်ငံမှ ကချင်များ လူကုန်ကူးမှု ခြိမ်းခြောက်ခြင်း ရင်ဆိုင်နေရ (Burma's Kachin Face Human Trafficking Threat Along Chinese Border)"၊ The World Post၊ ၂၀၁၄ ခုနှစ် ဇန္နဝါရီလ ၂၈ ရက်။

[28] သတ္တု တူးဖော်ရေး လုပ်ငန်းများမှ သည် သစ်ထုတ်လုပ်ငန်း နှင့် အခြေခံ အဆောက်အဦ ဆောက်လုပ်ရေး လုပ်ငန်းများစသည့် စီမံကိန်းနှင့် ကန်ထရိုက် လုပ်ငန်းများအား တရုတ် ကုမ္ပဏီများအား ပေးထားခြင်းဖြင့်လည်း ကေအိုင်အေအတွက် ပုံမှန် ဝင်ငွေများ ရရှိစေသည်။ ထို့အပြင် တရုတ်များ လုပ်ကိုင်လည်ပတ်သော ကာစီနိုများသည် ကေအိုင်အေအား မြေငှားရမ်းခနှင့် နှစ်နိုင်ငံ ဖြတ်ကျော်သည့် ကေအိုင်အေ အတွက် အခွန်အကောက်များ ရစေသည်။

[29] တရုတ်များ လုပ်ကိုင်လည်ပတ်သော ကာစီနိုများက မြေငှားရမ်းခ ပေးခြင်းနှင့် ထိန်းချုပ်မှု မရှိသော စီးပွားရေး လက်ပြောင်းလက်လွှဲ လုပ်ငန်းတို့သည် အနီးနားရှိ နယ်စပ် တဖက်တွင် တရားမဝင်သော လုပ်ငန်းများ ဖြစ်သဖြင့် ယင်းတို့သည်လည်း ကေအိုင်အေအတွက် တိုက်ရိုက် ဝင်ငွေအရင်းအမြစ်များ ဖြစ်သည်။ ကာစီနိုများသည် မူးယစ်ဆေးဝါး ရောင်းဝယ် သုံးစွဲရာနှင့် ပြည့်တန်ဆာနှင့် လူကုန်ကူးမှုတို့အတွက် အထူးနေရာများ ဖြစ်ကြသည်။ အတော်အတန် ရေးရိုးစွဲဖြစ်သော ကချင်ပြည်သူလူထုအတွက် တရုတ်များ ကျောထောက်နောက်ခံပြုသော ကာစီနိုများသည် ယဉ်ကျေးမှု ဆိုင်ရာ ကွဲပြား ခြားနားမှု ဖြစ်ပြီး ယင်းတို့ကို ဥပဒေမဲ့ခြင်း၊ လောဘနှင့် ကံစမ်းရာ နေရာများအဖြစ် မြင်ကြသည်။ ကေအိုင်အို ရဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေး အဖွဲ့များသည် ကေအိုင်အို၏ မူးယစ်ဆေးဆန့်ကျင်ရေး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရန် အခက်အခဲများ ကြုံကြရသည်။

[30] ယင်း ကြောက်ရွံ့မှုများကို ကချင် လူသားချင်းစာနာမှု လုပ်သား တယောက်က ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းရာတွင် *ထုတ်ဖော်ပြောဆိုခဲ့သည်။ "လှုပ်ရှားသွားလာမှုဟာ မလွတ်လပ်ဘူး။ အန္တရာယ်ရှိပြီး ဘာကိုမှ မျှော်မှန်းထားလို့မရဘူး... လူတွေက သူတို့ (အစိုးရထိန်းချုပ်ရာ နေရာတွေက) အဝေးကို ထွက်ပြေးတယ်ဆိုတာ သိတယ်။ သူတို့ အဖမ်းခံရပြီး ပေါ်တာ ထမ်းရတာမျိုး ဒါမှမဟုတ် မြန်မာစစ်တပ်အတွက် တိုက်ပွဲဝင်ရတာမျိုး ဖြစ်နိုင်တယ်။ ဒါဟာ သူတို့ အတွက် အသက်အန္တရာယ် ပိုရှိတယ်။.. ဒီဒေသအတွင်းမှာ မြန်မာစစ်တပ်တွေနဲ့*

*တိုးမိတာက သိပ်မဆန်းလှဘူး။ လူတိုင်းက အဲဒါကို ကြောက်ကြတယ်။ ... မိသားစု ဒါမှမဟုတ် ကလေးတွေက မြို့က ထွက်ပြီး တောထဲသွားဖို့ ရွေးချယ်ခဲ့တယ်ဆိုရင် သူတို့အနေနဲ့ မြေမြှုပ်မိုင်းတွေကို ကြောက်ရတယ်။ နောက်ပြီး သူတို့ အသက်ရှင်မယ်ဆိုတာ အာမခံချက်မရှိဘူး။"* နိုင်ငံတကာ ကလေးစစ်သားအဖွဲ့ ကချင် ကူညီရေး လုပ်သားနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[31] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်စခန်း လူငယ် ခေါင်းဆောင်နှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[32] အချက်အလက်များကို နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း မိုင်ဂျာယန်၊ လာနာဇွတ်ဂျာနှင့် အင်ခေါင်းပါ အတွင်းနှင့် အနီးအနားရှိ စခန်းများသို့ သွားရောက်စဉ် အတည်ပြုနိုင်ခဲ့သည်။ ကေအိုင်အို စခန်း အရာရှိများက ကေအိုင်အေ နယ်မြေအတွင်းရှိ စခန်း တခုစီတွင် ယင်းမှတ်တမ်းများကို ထိန်းသိမ်းထားကြောင်း အစီရင်ခံသည်။

[33] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ ကချင် ကူညီရေး လုပ်သားနှင့် လျှို့ဝှက် မေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[34] *IRIN လူသားချင်း စာနာမှု သတင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်။* "သူပုန်ထိန်းချုပ်ရာ ကချင်နယ်မြေအတွင်းရှိ ရွှေ့ပြောင်း ကလေးများအား ကူညီခြင်း။ (Helping displaced children in rebel-held parts of Kachin)"၊ ၂၀၁၃ ခုနှစ် မေလ ၂၃ ရက်။

[35] ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး ကာလအတွင်း စီစဉ်မှုက ကေအိုင်အို ကျောင်းများတွင် ၁၀ တန်းအောင်သော ကျောင်းသားများ သည် အစိုးရ အုပ်ချုပ်သော ပြည်နယ် မြို့တော် မြစ်ကြီးနားသို့ သွားရောက်ပြီး မြန်မာအစိုးရ၏ အထက်တန်း အဆင့် စံချိန်သတ်မှတ်သော စာမေးပွဲဝင်ခွင့်ရရှိစေရန် ခွင့်ပြုခဲ့သည်။ ယင်းအထူး ဆက်စပ်မှုကို မကြာသေးမီက ပဋိပက္ခက ဖျက်ဆီးလိုက်ပြီး ကေအိုင်အေ နယ်မြေရှိ ကျောင်းသားများအား သီးခြားဖြစ်စေကာ တခါတရံတွင် မြန်မာ သို့မဟုတ် နိုင်ငံရပ်ခြားတွင် တက္ကသိုလ်အဆင့် ပညာရေးအတွက် ဝင်ရောက်ရန် လိုအပ်သော အစိုးရ အသိအမှတ်ပြု ပညာရေး သတ်မှတ်ချက်များ ရရှိနိုင်မှုကို အတားအဆီးဖြစ်စေသည်။ ယင်း အခွင့်အရေးသည် မြန်မာနိုင်ငံအတွင်း ယင်း ကဲ့သို့စီစဉ်မှုများကို ဆွေးနွေးညှိနှိုင်း ရယူနိုင်ခြင်းမရှိသော အခြားသော တိုင်းရင်းသား လူနည်းစုများ အတွက် အာမခံချက် မရှိသည့် အာမခံချက် ဖြစ်သည်။ IRIN လူသားချင်း စာနာမှု သတင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်။ "မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်အတွင်း ထိခိုက်သွားသော ပညာရေး (Education takes a hit in Myanmars Kachin State)"၊ ၂၀၁၃ ခုနှစ် ဧပြီလ ၂၃ ရက်။ တွင် ကြည့်။

[36] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ ကချင် ပညာရှင်နှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ။ ၂၀၁၄ ခုနှစ် ဇွန်လ။

[37] EEDY အစီအစဉ်ကို ယခုအခါ ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အချို့က ပြောသည်။ ယင်းတွင် အလယ်တန်းအောင် ကျောင်းသားများအား ကချင်သမိုင်း၊ နှင့် နိုင်ငံရေး သာမက ကွင်းပြင် စစ်ရေးပြနှင့် ခြုံခိုတိုက်ပွဲ နှင့် လွတ်မြောက်ရေး နမူနာပုံစံ ဘာသာရပ်များ သင်ကြားပေးသည် ရက် ၉၀ "တော်လှန်ရေး" သင်တန်း ပေးသည်။ ဤသင်တန်းတက်ရောက်သူ အချို့သည် အသက် ၁၈ နှစ်အောက်များ ဖြစ်ကြသည်။ EEDY သည် ဝွမ်မော်၏ ကျယ်ပြန့်သော လုပ်ငန်းပေါင်းစု ကြိုးပမ်းမှု အမည်ဖြစ်ပြီး ယင်းတွင် လက်ရှိ လည်ပတ်နေသည့် ထွယ်နင်ရှောင် ပါဝင်သည်။

[38] See Mandy Sadan ၏ "မြန်မာနိုင်ငံ တိုင်းရင်းသား စစ်တပ်များနှင့် တိုင်းရင်းသား ပဋိပက္ခ (Ethnic Armies and Ethnic Conflict in Burma)- ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၏ ကချင်ဒေသတွင် ကိုလိုနီ စစ်တပ် ချဲ့ထွင်ရေး သမိုင်းကြောင်းအား ပြန်လည် စဉ်းစားခြင်း (Reconsidering the History of Colonial Militarization in the Kachin Region of Burma During the Second World War)"၊ အရှေ့တောင်အာရှ သုတေသန ၂၁-အမှတ် ၄ (၂၀၁၃ ခုနှစ်)

စာ- ၆၀၁-၆၂၆။ Sadan က ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ဒုတိယ ကမ္ဘာစစ်အတွင်း ဗြိတိသျှနှင့် နောက်ပိုင်းတွင် မဟာမိတ်တပ်ဖွဲ့များက ကချင် စစ်သား စုဆောင်းရေးနှင့် ပတ်သက်သည့် ယခင်က ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးသည့် အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများအား စစ်သားအဖြစ် စုဆောင်း အသုံးပြုခဲ့ခြင်းကို ဖော်ထုတ်တင်ပြထားသည်။

[39] HRW၊ *လူမသိ သူမသိ လျှို့ဝှက်ဇာတ်လမ်းများ- ကချင်ပြည်နယ်အတွင်း စစ်ကာလ ချိုးဖောက်မှုများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းမှုများ၊ (Wartime Abuses and Forced Displacement in Kachin State)၊ ၂၀၁၂ ခုနှစ်*

[40] ကေအိုင်အေ အတွင်း ကလေးစစ်သားများအား သီးသီးသန့်သန့် စီစဉ်ထားသော အကြောင်းအရာမှာ အကန့်အသတ်ဖြင့်သာရှိသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ *“ကျွန်တော့်သေနတ်က ကျွန်တော့် အရပ်လောက်ရှိတယ်” မှာ ထင်ရှားသည်။ မြန်မာနိုင်ငံကလေးစစ်သား၊ ၂၀၀၂ ခုနှစ်။*

Heppner HRW ၏ စစ်သားများအဖြစ် ရောင်းစားခံရခြင်း- (Sold to be Soldiers)- မြန်မာနိုင်ငံတွင် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (The Recruitment and Use of Child Soldiers in Burma) ၂၀၀၇ ခုနှစ်။ နှင့် Kai Chen ၏ “မြန်မာ-တရုတ်နယ်စပ် ကလေးစစ်သား နှိုင်းယှဉ် လေ့လာမှု၊ တိုးပွားလာခြင်း၊ စိမ်ခေါ်မှုများနှင့် ဆန့်ကျင်ဖက် အရေးယူ ဆောင်ရွက်မှုများ (Comparative Study of Child Soldiering on Myanmar-China Border, Evolutions, Challenges and Countermeasures)”၊ ရာဇဝတ်မှုခင်း ဗေဒ SpringerBriefs၊ Springer-Verlag စက်ာပူ ၂၀၁၄ —က ၂၀၁၁ ခုနှစ် ဇွန်လတွင် တိုးမြင့်လာမှု မြင့်မားလာကြောင်း ခန့်မှန်းသည် သို့မဟုတ် ထည့်သွင်းရန် ပျက်ကွက်ခဲ့သည်။

[41] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ကူညီမှု လုပ်သားနှင့် လျှို့ဝှက် အင်တာဗျူး၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[42] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ စစ်သားနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊၂၀၁၄ ခုနှစ် ဇွန်လ။

[43] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ကူညီရေး လုပ်သားနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[44] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ကူညီရေး လုပ်သားနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[45] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ ကလေးစစ်သား အဖြစ် အတင်းအကြပ် သွပ်သွင်းခံရသူ ကချင် မိသားစုနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊၂၀၁၄ ခုနှစ် ဇွန်လ။

[46] အချို့သော တွေ့ဆုံမေးမြန်းခွင့် ပေးသူများသည် အကြမ်းဖက် စစ်သားစုဆောင်းသည့် ဖြစ်ရပ်များကို ရည်ညွှန်းပြောဆိုသော်လည်း ယင်းတို့ တခုချင်းသည် ၁၉၉၄ အပစ်အခတ်ရပ်စဲမှု မတိုင်မီအချိန်က ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ ဖြစ်ခဲ့ပါက လက်ရှိ လမ်းကြောင်းတွင် ထူးခြားသော ကွဲပြားခြားနားမှု ဖြစ်လာနိုင်သည်။

[47] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ ကေအိုင်အေ ဗိုလ်ကြီးနှင့် စစ်သားသစ် သင်တန်းဆရာနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[48] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ အသက်မပြည့်သေးသော ကေအိုင်အေ စာရင်းသွင်းသူနှင့် လက်နက်ချသွားသူ နှင့် တွေ့ဆုံမေးမြန်းချက်၊ သူ၏ ကိုယ်ရေး အချက်နှင့် နေရာကို ချန်လှပ်ထားသည်။ ၂၀၁၄ ခုနှစ် ဇွန်လ။

[49] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ကူညီမှု လုပ်သားနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[50] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ကျောင်းဆရာနှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[51] ၂၀၁၄ ခုနှစ် ဖွန်လတွင် ကေအိုင်အိုသည် "ဖက်ဒရယ် ဥပဒေသင်တန်းကျောင်း" ကိုလည်း မိုင်ဂျာယန်တွင် ဖွင့်လှစ်ထားပြီး အနာဂတ် ရှေ့နေများနှင့် ဥပဒေရေးရာ အထောက်အကူပြု လုပ်သားများ မွေးထုတ်ပေးနေသည်။ ကေအိုင်အို၏ ပထမဆုံး တကက္ကသိုလ်အတွက် အစီအစဉ်များချမှတ်ထားပြီး လာမည့် ၅ နှစ်အတွင်း ဖွင့်လှစ်ရန် ရေးဆွဲထားသည်။ ကေအိုင်အိုစာရွက်စာတမ်း "ဥပဒေရေးရာ အထောက်အကူပြု ကွန်ယက်- ဖက်ဒရယ် ဥပဒေ သင်တန်းကျောင်း" ၂၀၁၄ ခုနှစ်တွင်ကြည့်။ http://www.legalaidnetwork.org/Peace.html. တွင်လည်း ကြည့်နိုင်သည်။

[52] အမှုထမ်းရန် ကတိကဝတ်ရှိသူများအတွက် ကေအိုင်အေနှင့် ကေအိုင်အိုက ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်ကျစားရိတ်နှစ်ခုလုံးကို ကျခံပေးသည်။

[53] ကေအိုင်အေ နယ်မြေတွင် လည်ပတ်နေသော ကျောင်းများအတွက် ကျောင်းလခ တည်ဆောက်ပုံဆိုင်ရာ အစီရင်ခံချက်များမှာ ဝိရောဓိဖြစ်နေသည်ကို တွေ့ရသည်။ အချို့သော တွေ့ဆုံမေးမြန်းသူများက မူလတန်းနှင့် အလယ်တန်းကျောင်းများ၏ ကျောင်းလခများကို ၂၀၁၁ တိုက်ပွဲများ ဖြစ်ပွားသည့် အချိန်တွင် ရပ်ဆိုင်းလိုက်သည်ဟု ဆိုသော်လည်း အချို့က ၂၀၁၃ ခုနှစ်တွင် ရပ်ဆိုင်းသည်ဟု ပြောသည်။ အချို့သော ကျောင်းများသည် ယခုအခါ ကျောင်းလခ ပေးရန် လိုအပ်ကြောင်း သဘောတူညီချက်ရှိနေပြီး ၂၀၁၅ နောက်ပိုင်းတွင် ကျောင်းလခပေးရန် လိုအပ်မည်ဟု မျှော်လင့်ရသည်။ မိုင်ဂျာယန် ဖက်ဒရယ် ဥပဒေသင်တန်းကျောင်း၊ သို့မဟုတ် အင်္ဂလိပ်စာ အထူးကြပ်မတ်သင်တန်း သို့မဟုတ် အမျိုးမျိုးသော သူနာပြု သင်တန်း အစီအစဉ်များ ကဲ့သို့ စစ်တပ်မဟုတ်သော ကျောင်းများတွင် တတိယဆင့် ပညာရေး အတွက် ကျောင်းလခလိုအပ်သော်လည်း ကျောင်းပြီးသည့် အခါ ကေအိုင်အေ/ကေအိုင်အိုတွင် တာဝန်ထမ်းဆောင်ရန် ကတိပြုထားသော ကျောင်းသားများအတွက် ကေအိုင်အေ/ကေအိုင်အိုက ထောက်ပံ့ပေးသည်။ ယင်း ဒုတိယဆင့်နှင့် တတိယဆင့် ပညာရေး အခွင့်အလမ်းများ အတွက် ကျောင်းလခ ပေးသွင်းရန် လိုအပ်သော်လည်း ကေအိုင်အို/ကေအိုင်အေက တပ်ဖွဲ့ဝင် စာရင်းသွင်းရန်အတွက် မျှော်လင့်ချက်များ ပေးရန် စဉ်းစားနိုင်သည်။

[54] "ဝန်ထမ်း နံပတ်" ဆိုသည်မှာ ကေအိုင်အေ စစ်သားစုဆောင်းခံရသူ တဦးချင်းအတွက်ပေးသော သီးသန့်နံပါတ်ဖြစ်သည်။ တပ်သားသစ်စုဆောင်းခံရသူသည် ကိုယ်ပိုင်နံပတ်ကို သင်တန်းစတင်သည့်အခါ သို့မဟုတ် ပြီးဆုံးသည့် အခါ သို့မဟုတ် လက်နက်တပ်ဆင်သည့်အခါတွင် ရရှိသည်မှာ မရှင်းလင်းပေ။

[55] ဖောင်ပုံစံတခါင် ကျောင်းသား၏ ကျောင်းလခကို ကေအိုင်အေ/ ကေအိုင်အိုက ပေးရန် မှတ်ချက်ထည့်ထားရန် အသုံးပြုသော်လည်း ကလေးသည် ကေအိုင်အေ/ကေအိုင်အိုတွင် အမှုထမ်းရမည်ဟု ချိတ်ဆက်ထားသည့် သဘောတူညီချက် ပါဝင်ခြင်း မရှိပါ။

[56] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ အသက် ၁၆ နှစ်အရွယ် ကချင်ကျောင်းသားနှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ဖွန်လ။

[57] ပြန်တမ်းဝင် မဟုတ်သော အရာရှိ (NCO) သင်တန်း အစီအစဉ် သည် အစီအစဉ်သစ်တခုဖြစ်ပြီး လိုင်ဇာ အပြင်ဖက် မိုင်ဆက်ပတွင် အခြေစိုက်သည် ယင်းနှင့် ပတ်သက်သည့် အချက်အလက်များမှ ရှင်းလင်းခြင်း မရှိပါ။ နိုင်ငံတကာ ကလေးစစ်သားအဖွဲ့မှ လုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများအရ ယင်းသည် ဗိုလ်သင်တန်းကျောင်း (OTS) တက်လိုပြီး ၁၀ တန်း မအောင်သေးသော အတွေ့အကြုံရှိသည့် စစ်သားများအတွက် ကြားကာလ အဆင့် သင်တန်းဖြစ်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့သည် ယင်းအစီအစဉ်တွင် အသက်မပြည့်သော ပါဝင်သူများအား တွေ့ရှိခဲ့ခြင်း မရှိပါ။

[58] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ OTS နှင့် NCO သင်တန်း အစီအစဉ် တပ်သားများနှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[59] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ သင်တန်းတက်နေသော အသက် ၁၄ နှစ်အရွယ် ကေအိုင်အေစစ်သားနှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်။ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[60] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင် ပညာရှင်နှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[61] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အို ပြောရေး ဆိုခွင့်ရှိသူ ဆလန်ကဘာ ကွမ်ထက် လနန်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[62] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ အသက်မပြည့်သော စစ်သားသစ်၏ မိသားစုဝင်နှင့် လျို့ဝှက် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[63] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ ကချင် ကျောင်းဆရာနှင့် လျို့ဝှက် တွေ့ဆုံ မေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[64] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ ၏ ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူ ဆလန်ကဘာ ကွမ်ထက် လနန်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[65] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ လိုင်ဇာရှိ ကေအိုင်အေ ကျောင်းသား သင်တန်းသားဟောင်းအား တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[66] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့၏ ကချင် ကူညီရေး လုပ်သားနှင့် မိုင်ဂျာယန်တွင် တွေ့ဆုံမေးမြန်းချက်။ ၂၀၁၄ ခုနှစ် ဖွန်လ။

[67] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ ဒုဗိုလ်မှူးကြီး မရမ် ဇော်တောင်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[68] ကေအိုင်အေ အတွင်းမှာ စုဆောင်းရေး လုပ်ငန်းကို အချိန်ပြည့် "စစ်သားစုဆောင်းသူများ" က လုပ်ဆောင်ခြင်းမဟုတ်ပဲ သာမာန် စစ်သားများက လိုအပ်သလို စစ်သားစုဆောင်းရေး တာဝန်ကို ပေးအပ်ခြင်း ဖြစ်သည်။

[69] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကချင်ပြည်သူ့စစ်အဖွဲ့ (Mung Shawa Hpyen la Hpung) (MHH) နှင့် အသက်မပြည့်သေးသည့် စုဆောင်းရေး ခေါ်ခံရသူ၏ ဖခင်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[70] နိုင်ငံတကာ ကလေးစစ်သားများ အဖွဲ့၏ ကေအိုင်အေ ဗိုလ်ကြီးနှင့် အဆင့်မြင့် အမျိုးသား အမှုထမ်း သင်တန်းဆာနှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[71] အမျိုးသား အမှုထမ်း အစီအစဉ်အား လူထုအား အသိပေးရန်အတွက် လူထုစည်းဝေးပွဲ ပြုလုပ်ရာသို့ လူပုဂ္ဂိုလ်အများအပြားမှာ မိမိဆန္ဒသဘောထားအလျောက် ပါဝင်ခဲ့ကြသည်။

[72] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူ ဆလန်ကဘာ ကွမ်ထက် လနန်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[73] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ ဗိုလ်ကြီးနှင့် တပ်သားသစ် သင်တန်းဆရာနှင့် တွေ့ဆုံ မေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[74] တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသော နေရာများတွင် သင်တန်းများကို အမြန်ပေးသည်။ ဥပမာအားဖြင့် ပုံမှန် ကေအိုင်အေ သင်တန်းကို ရက် ၉၀မှ ၄၅ ရက်သို့ လျော့ချခြင်းမျိုး။ ဗိုလ်လောင်းသင်တန်းကျောင်း OTS ၏ နှစ်နှစ်

သင်တန်းအစီအစဉ်များကိုလည်း တိုက်ပွဲ လိုအပ်ချက်အရ သင်တန်းတက်နေသော အရာရှိများကို ရှေ့တန်းသို့ ပို့ဆောင်ခြင်းဖြင့် သင်တန်းများ ပြတ်တောက်မှုများ ရှိသည်။

[75] ကိုယ်ခန္ဓာ လေ့ကျင့်ခန်းတွင် အဓိကအားဖြင့် ပြေးခြင်း၊ ချီတက်ခြင်းနှင့် ဒိုက်ထိုးခြင်းတို့ ပါဝင်သည်။ ကိုယ်ခန္ဓာလေ့ကျင့်ခန်းတွင် ဘန်ကာများ၊ လမ်းများ၊ အိမ်များ၊ တည်ဆောက်ခြင်း နှင့် ကေအိုင်အေစစ်သား များ၏ တာဝန်များဆိုင်ရာ အခြား ရည်မှန်းချက် အခြေပြု လုပ်ငန်းစဉ်များ လုပ်ဆောင်ကြရသည်။

[76] တိုက်ခိုက်ရေး နှင့် မသက်ဆိုင်သည့် အကြောင်းအရာ နှင့် ပို့ချချက်များတွင် "တော်လှန်ရေး သမိုင်း" နှင့် နိုင်ငံရေး၊ စစ်စည်းမျဉ်းစည်းကမ်းများ၊ လက်နက်ငယ် ကျွမ်းကျင်မှု၊ နည်းဗျူဟာ မဟာဗျူဟာနှင့် "စစ်ဥပဒေသ" များပါဝင်သည်။

[77] "81" ဟု တရုတ် ဘာသာစကားဖြင့် အဓိပ္ပာယ်ရသော ဘရီ သို့မဟုတ် ကေအိုင်အေ 81 သည် ဆိုဗီယက် Ak-47 ၏ အစောပိုင်း တရုတ် ပုံစံတူဖြစ်သည်။ အလားတူပင် ယင်းသည် ၇.၆၂x၃၉ မမ ကျည်ကို သုံးပြီး ဓါတ်ငွေ့ဖြင့် အလုပ်လုပ်ကာ ပြောင်းရစ် ရိုက်ဖယ်ဖြစ်ကာ တချက်ချင်း အော်တိုနှင့် အော်တို အပြည့်တို့ ပစ်၍ ရသည်။ ယင်းသေနတ်သည် ကေအိုင်အေက ကေအိုင်အေ နယ်မြေတွင် တပ်ဆင်သော်လည်း ယင်း အစိတ်အပိုင်းများမှာ ကေအိုင်အေ နယ်မြေ ပြင်ပမှ လာပုံရသည်။ သေနတ်သည် အကြမ်းခံနိုင်ရည်အားကောင်းသည်၊ ထိန်းသိမ်းမှု သိပ်မလိုအပ်ပဲ အလွယ်တကူ အသုံးပြုနိုင်ပြီး နှိုင်းယှဉ်ချက်အားဖြင့် ကျည်ဖြည့်ထားချိန်တွင်ပင် ၄ ကီလိုဂရမ်လောက်သာ လေးသည်။

[78] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ အသက်မပြည့်သော ကေအိုင်အေ စာရင်းသွင်းသူနှင့် တပ်ပြေးနှင့် လျို့ဝှက် တွေ့ဆုံ မေးမြန်းချက်၊ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[79] သင်တန်း အခွင့်အလမ်း နှစ်ခုစလုံးသည် ဆန္ဒသဘောအလျောက် ဖြစ်ပြီး မိုင်ဂျာယန်တွင် နေထိုင်စော အရပ်သားများ၏ တောင်းဆိုချက်အရ လုပ်ခဲ့ခြင်း ဖြစ်သည်ဟုပင် ပြောပြသည်။ အရပ်သားများအတွက် သေနတ်အစစ်ဖြင့် သင်တန်းတွင် အသက် ၁၈ နှစ်အောက်များ ပါဝင်ခြင်း မရှိခဲ့ပါ။

[80] နိုင်ငံတကာ ကလေးစစ်သားအဖွဲ့ ၏ ယခင်က ကေအိုင်အေ သင်တန်းတက်ရောက်ခဲ့ဘူးသော ကျောင်းသားများနှင့် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။ တွေ့ဆုံမေးမြန်းခဲ့သော ကျောင်းသား ၃ ယောက်မှာ မတက်မနေရ သင်တန်းပေးသည့် အချိန်တွင် အင်္ဂလိပ်စာ ကျောင်း (မိုင်ဂျာယန်ရှိ လွတ်လပ်သော ဘော်ဒါကျောင်း)တွင် တက်ရောက်နေပြီး သူတို့အား မိုင်ဂျာယန်ရှိ ကေအိုင်အေ တပ်မဟာ ၃ ဌာနချုပ် သို့ ယာယီ ပြောင်းရွှေ့စေပြီး ကေအိုင်အေ၏ ပုံမှန် စံချိန်မီ ၄၅ ရက်သင်တန်းကို သေနတ်အစစ်ဖြင့် လေ့ကျင့်ခန်းမပါပဲ တက်ရောက်ခဲ့ကြရသည်။

[81] နိုင်ငံတကာ ကလေး စစ်သားအဖွဲ့၏ ကေအိုင်အေ သင်တန်းကို ယခင်က တက်ရောက်ခဲ့သော ကျောင်းသား များနှင့် တွေ့ဆုံမေးမြန်းချက်။ ကချင်ပြည်နယ်။ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[82] ကေအိုင်အေသည် ကေအိုင်အေ ထိန်းချုပ်ရာ နေရာများတွင် လုပ်အား အသုံးပြုသော လုပ်ငန်းများကိုလည်း လုပ်ဆောင်သောကြောင့် တိုက်ပွဲမဝင်ရသော ကဏ္ဍများတွင် မီးသတ်၊ ရေကာတာ ဆောက်လုပ်ရေး၊ သန့်ရှင်းရေး အလုပ်များ၊ လမ်းဖောက်လုပ်ခြင်း၊ နှင့် ပိုမိုကျယ်ပြန့်သော ဆောက်လုပ်ရေး လုပ်ငန်းများ ပါဝင်သည်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ စစ်သားစုဆောင်းသူများနှင့် အောက်ခြေအဆင့် စစ်သားများနှင့် တွေ့ဆုံ မေးမြန်းချက်။ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဖွန်လ။

[83] ရှေ့တန်း စစ်စခန်းများသည် အငြင်းပွားနေသော နယ်စပ် နယ်မြေများတွင် ရှိနိုင်ပြီး တောင်ကုန်းများပေါ်တွင် နေရာယူထားနိုင်သည်။ ယင်းစစ်စခန်းများ အတွင်းတွင် အရွယ်အစားကိုလိုက်၍ မတူညီသော လုပ်ငန်းရည်ရွယ်ချက်များအတွက် ဥပမာ- အိပ်စက်ခြင်း နေရာ၊ စားသောက်သည့် နေရာ၊ ကာကွယ်ရေး ဆိုင်ရာများ ဥပမာ ဘန်ကာများ နှင့် သိုလှောင်မှု နေရာများ စသဖြင့် နေရာအမျိုးမျိုး ရှိသည်။ မြေပြင် အနေအထားနှင့် မြန်မာ စစ်တပ်နှင့် နီးကပ်မှုအပေါ် မူတည်၍ ရှေ့တန်း စစ်စခန်းများသည် မြေခွေးကျင်းများ သို့မဟုတ် (အမြင့်

နည်းပါးလေ့ရှိသော) ပိုကြီးသည့် စစ်စခန်း၏ အကာအကွယ်ရှိသည့် ဧရိယာမှ တူးထားသည့် မီတာ ၄၀၀ ခန့်အထိ ရှည်လားသော ဆက်သွယ်ရေး မြောင်းများပါသည့် ရှေ့တန်းစခန်းများလည်း ရှိသည်။ ယင်းနေရာများသည် သီးခြား တည်ရှိပြီး ပိုမိုကြီးမားသော စစ်စခန်း၏ ကာကွယ်ရေး ဆောင်ရွက်မှုများ ဖြစ်သည့် မြေမြှုပ်မိုင်းများ သို့မဟုတ် အခြား အဝေးထိန်း ဖောက်ခွဲရေး ကိရိယာများ ရှိရာ လမ်းကြောင်းများ အနီးတွင်ရှိသည်။ ယင်းနေရာများကို "သေနတ် ၁"၊ "သေနတ် ၂" ၊ "သေနတ် ၃" စသဖြင့် သတ်မှတ်ထားပြီး ယင်းတို့တွင် အမြဲတမ်း နေရာယူထားခြင်း မရှိပဲ လှည့်လို့ရသော အကာအကွယ်များကို လက်ဖျောင့်သေနတ်သမားအတွက် နှင့် ပထမအတန်း အစောင့် စစ်သားများအတွက် ပုန်းကွယ်ထားသည့် ချောင်းကြည့်ပေါက်များ ပါဝင်သည်။

[84] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ စစ်သားစုဆောင်းသူများနှင့် အောက်ခြေအဆင့် စစ်သားများနှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[85] အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC)၊ ဓလေ့ထုံးတမ်း ဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ (IHL) အပေါ် လေ့လာချက် ကိုကြည့်။ အိုင်စီအာရ်စီ ဓလေ့ထုံးတမ်းဆိုင်ရာ IHL အချက်အလက်များတွင် စည်းမျဉ်းစည်းကမ်းများ ကြည့်နိုင်သည်။ http://www.icrc.org/customary-ihl/eng/docs/home.

[86] လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများ ပါဝင်မအေပေး ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူညီချက် ရွေးချယ်ခွင့်ရှိသော သတ်မှတ်ချက်များ၊ လက်ခံထားပြီး လက်မှတ်ရေးထိုးရန် ဖွင့်လှစ်ထားသည်။ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၀၀၀ ခုနှစ် မေလ ၂၅ ရက်၏ A/RES/54/263တွင် လက်ခံထားသည်။ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အသက်ဝင်သည်။ ပုဒ်မ ၄-၁။

[87] ကေအိုင်အို စာရွက်စာတမ်း၊ "လူပုဂ္ဂိုလ် ပြန်လွတ်ခြင်းနှင့် ရွှေ့ပြောင်းခြင်း" ဖိုင်တွဲ၊ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၊ ရက်စွဲ- ၂၀၁၃ ခုနှစ် ဇူလိုင်နှင့် ဩဂုတ် အတွင်း၊ ၂၀၁၄ ခုနှစ် ဇွန်လတွင် လက်ခံရရှိ။

[88] ကေအိုင်အေ စာရွက်စာတမ်း။ "နှစ်ဖက်လုံးမှ လိုက်နာရမည့် အချက်များ"၊မြန်မာအစိုးရ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်။ နိုင်ငံတကာ ကလေးစစ်သား အဖွဲ့ ဖိုင်တွဲ၊ ၂၀၁၄ ခုနှစ် ဇွန်လ။

[89] နိုင်ငံတကာ ကလေးစစ်သား အဖွဲ့၏ ကေအိုင်အေ ဒုတိယ ဗိုလ်မှူးကြီး မရမ် ဇော်တောင်နှင့် တွေ့ဆုံမေးမြန်းချက်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ။ ၂၀၁၄ ခုနှစ် ဇွန်လ။

[90] အချို့ သင်တန်းများ အထူးသဖြင့် ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းမှ ကာကွယ်ခြင်းကို အဓိက ထားသည့် သင်တန်းများကို ကချင် နယ်မြေအတွင်းရှိ လူထုများနှင့် ခေါင်းဆောင်များအား ယခင်က မြန်မာနိုင်ငံ လူ့အခွင့်အရေး ပညာပေး ဌာန (HREIB) ဖြစ်သည့် ညီမျှခြင်း မြန်မာ (Equality Myanmar) က ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင် နှင့် ICRC က ၂၀၁၄ ခုနှစ်တွင် ပို့ချပေးခဲ့သည်။ ၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားချိန်မှစ၍ CTFMR၊ ILO၊ နှင့် UNICEF အပါအဝင် အချို့သော ကုလသမဂ္ဂ အဖွဲ့အစည်းများသည် မြန်မာအစိုးရက ခွင့်ပြုသော အချိန်များတွင် ကေအိုင်အိုနှင့် ကေအိုင်အေတို့နှင့် အကန့်အသတ်ဖြင့် ထိတွေ့နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လ UNICEF နှင့် ထိတွေ့ပြီးနောက်တွင် ကေအိုင်အေက ဗဟို စီမံခန့်ခွဲမှု ရုံး၊ နှင့် အထွေထွေ အုပ်ချုပ်ရေး ဌာနများသို့ ကေအိုင်အေနှင့် ဆက်စပ်နေသော ပြည်သူ့စစ် (MHH) သင်တန်းကျောင်းကို အာလန်းဘွမ် ဘော်ဒါကျောင်းမှ နေရာရွှေ့ပြောင်းရန်၊ ပြည်သူ့စစ် (MHH) ရုံးကို ဘော်ဒါကျောင်းနှင့် နီးကပ်နေသော နေရာမှ ပြောင်းရွှေ့ရန် နှင့် ယူနီဖောင်းဝတ်နှင့် လက်နက်ကိုင်ဆောင်ထားသော စစ်သားများ ကျောင်း ခြံဝင်း အဆောက်အဦများအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် အမိန့်တရပ် ထုတ်ပြန်ခဲ့သည်။

CHILD SOLDIERS
INTERNATIONAL